ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 20 July 2025 ၁၁၈၈၄

## လူအပေါင်းချစ်မြတ်နိုး

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည်ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ဂါရဝပြု



**နေပြည်တော် ဇူလိုင် ၁၉**

၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဂါရဝပြုသည်။

**တက်ရောက်**

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ (၇၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## လွမ်းသူ့ပန်းခွေချ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေချစဉ်။



ကြေးမုံ

# တည်ငြိမ်အေးချမ်းသာယာဝပြောရေး နိုင်ငံတော်နှင့်အတူလက်တွဲဆောင်ရွက်

နိုင်ငံတော်အစိုးရအနေဖြင့် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွား ဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေ စိုးမိုးရေး အပြည့်အဝရရှိလာရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ မကြာသေးမီက အကြမ်းဖက်သောင်းကျန်းသူများ ယာယီသိမ်းပိုက်ခဲ့သော လွိုင်ကော်-မိုးဗြဲ-ဖယ်ခုံ-ပင်လောင်း ဆက်သွယ်ရေးလမ်းကြောင်းကို ပြန်လည် ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ဆက်လက်၍ ရှမ်းပြည်နယ် နောင်ချိုဒေသကို တပ်မတော်က ပြန်လည် ထိန်းချုပ်နိုင်ခဲ့သည်။ တပ်မတော်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့တို့၏ စိတ်ဓာတ်ကို ပြင်းထန်စွာ ရိုက်ချိုးနိုင်ခဲ့ပြီး ဒေသခံပြည်သူများ၏ အားပေးထောက်ခံမှုကို အပြည့်အဝရရှိလာသည့်အတွက် တပ်မတော်စစ်ကြောင်းများမှ တိုက်ပွဲဝင်စစ်သည်၊ အရာရှိများ၏ စိတ်ဓာတ်ခွန်အား တက်ကြွမှု၊ တိုက်ခိုက်လိုစိတ်ပြင်းပြမှုတို့ဖြင့် အောင်မြေချဲ့ထွင်မှုကို မြေပြင်၊ ဝေဟင်စစ်နည်းဗျူဟာမြောက်အဆင့်ဆင့်ပေါင်းစပ်၍ အကြမ်းဖက်သောင်းကျန်း သူများ ယာယီခံစစ်စခန်းတည်ဆောက်ထားသည့်နေရာများကို အဆင့်ဆင့်လိုက်လံ ချေမှုန်းခဲ့ပြီး မိုးဗြဲဒေသနှင့် နောင်ချိုဒေသများကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

နောင်ချိုမြို့နယ်တစ်ဝိုက်အား အကြမ်းဖက်သောင်းကျန်းသူများ ယာယီ ထိန်းချုပ်ထားစဉ် အရပ်သားပြည်သူအချို့မှာ နေအိမ်၊ ဥစ္စာပစ္စည်းများကို စွန့်ခွာ တိမ်းရှောင်နေရသည်။ ၎င်းတို့လက်အောက်တွင် အခြေခံလူ့အခွင့်အရေး ဆုံးရှုံးမှု များ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်အဘက်ဘက်မှ နိမ့်ကျသွား နိုင်သည်ကို လက်တွေ့သဘောပေါက်နားလည်လာသည့်အတွက် တပ်မတော်အား စိတ်အားထက်သန်စွာ အားပေးထောက်ခံလာကြပြီး မြေပြင်သတင်းရရှိမှုများကို နီးစပ်ရာတပ်မတော်စစ်ကြောင်းထံ သတင်းပေးပို့ခြင်း၊ တပ်မတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းများကို ပြုလုပ်လာခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ များအနေဖြင့် အဆိုပါဒေသများအား ယာယီသိမ်းပိုက်ထိန်းချုပ်ထားစဉ် မြို့/ရွာများ အတွင်းရှိ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံများနှင့်လူနေအိမ်များတွင် ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သည့်အပြင် ဒေသခံပြည်သူများ၏ နေအိမ်နှင့် ဈေးဆိုင်ခန်းများအား ဖောက်ထွင်း၍ တန်ဖိုးကြီးပစ္စည်းများ၊ အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်း များကို အဓမ္မယူဆောင်ခြင်း၊ အများပြည်သူသွားလာလျက်ရှိသော လမ်း/တံတား များအား ဖျက်ဆီးခြင်း စသည့်အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါဒေသများအတွင်း ယာယီနေရပ် စွန့်ခွာကြရသည့် ဒေသခံပြည်သူများ အန္တရာယ်ကင်းစွာ ပြန်လည်ဝင်ရောက်နေထိုင် နိုင်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားများ အမြန်ဆုံးပြန်လည်လည်ပတ်နိုင်ရေး၊ မြေမြှုပ် မိုင်းအန္တရာယ်ကင်းရှင်းရေးကို အမြန်ဆုံးပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ ယင်းသို့ အဆိုပါဒေသများ၏ လုံခြုံရေး၊ ဒေသခံပြည်သူလူထု ၏ လူမှုစီးပွားဘဝခိုင်မာရေးကို ရှုပ်ရှုပ်ချွံချွံဆောင်ရွက်ပေးခဲ့သည့် တိုက်ပွဲဝင် တပ်မတော်သားများအား လေးစားဂုဏ်ပြုပါကြောင်းနှင့် အလားတူ ရှေ့တန်းတွင် တိုက်ပွဲဝင်လျက်ရှိသော တပ်မတော်သားစစ်သည်အပေါင်း၏ အောင်နိုင်စိတ်၊ တိုက်ပွဲဝင်လိုသောစိတ် စသည့်စိတ်ဓာတ်ခွန်အားအပါအဝင် လိုအပ်သည့် ကူညီ ထောက်ပံ့မှုများကို မဆုတ်မနစ်သောယုံကြည်ချက်ဖြင့် ဖြည့်ဆည်းပေးခဲ့သော တပ်မတော်သားမိသားစုများ၊ ပါရမီဖြည့်ဖက်များနှင့် တပ်မတော်ကို အားပေး ထောက်ခံသူများအားလုံးကိုလည်း လေးစားအသိအမှတ်ပြုကျေးဇူးတင်ရှိလျက် ရှိသည်။

သို့ဖြစ်ရာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေးအတွက် အသက်ကိုပဓာနမထားဘဲ ရဲဝံ့စွန့်စားသည့်စိတ်ဓာတ်များဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များကို ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ချေမှုန်းပေးလျက်ရှိကြသော မျိုးချစ်တပ်မတော်သားအပေါင်းတို့ ဆက်လက်အောင်ပွဲဆင်နိုင်ရေး၊ ပြည်ထောင်စုကြီးမပြိုကွဲအောင် ကာကွယ် စောင့်ရှောက်နိုင်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုအပေါင်းတို့က နိုင်ငံတော် အစိုးရ၊ တပ်မတော်နှင့်အတူလက်တွဲ၍ ဆက်လက်ပူးပေါင်း ကူညီလက်တွဲ ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ဝေါန်မြစ်နှင့်တိုးမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၁၉

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဝေါန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်လက်မခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိ နိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက် အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင် သည်။

သို့ဖြစ်ပါ၍ မအူပင်မြို့နယ်နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင် သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၂၅ ခုနှစ် ဧပြီ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှစပြီး ကယား၊ စကော ကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း (ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်းဘာသာ၊ 'ဝ'၊ ကချင် အစီအစဉ်များကို ည ၁၁ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှု ကို ၂၀၂၅ ခုနှစ် ဩဂုတ် ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ၇ နာရီအထိ စကောဘာသာအစီအစဉ်၊ နံနက် ၇ နာရီမှ ၈ နာရီအထိ အနောက်ပိုးကရင် ဘာသာအစီအစဉ်၊ နံနက် ၈ နာရီမှ ၉ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် ၉ နာရီမှ ၁၀ နာရီအထိ ချင်း(လိုင်ဇိုး)ဘာသာ အစီ အစဉ်၊ နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ ချင်း(ချိုး)ဘာသာ အစီအစဉ်၊ နံနက် ၁၁ နာရီမှ မွန်းလွဲ ၁ နာရီအထိ မွန်ဘာသာ အစီအစဉ်၊ မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ ရခိုင်ဘာသာ အစီအစဉ်၊ မွန်းလွဲ ၃ နာရီမှ ညနေ ၅ နာရီအထိ ရှမ်းဘာသာ အစီအစဉ်၊ ညနေ ၅ နာရီမှ ည ၇ နာရီအထိ "ဝ" ဘာသာ အစီအစဉ်၊ ည ၇ နာရီမှ ၉ နာရီအထိ ကချင်ဘာသာ အစီ အစဉ်၊ ည ၉ နာရီမှ ၁၁ နာရီအထိ ကယားဘာသာအစီအစဉ် တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွား မည်ဖြစ်သည်။

### (၁.၈.၂၀၂၅) မှ (၃၀.၁၁.၂၀၂၅)ထိ
### တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း ထုတ်လွှင့်ချိန်စာရင်း

| စဉ် | ဘာသာ | ထုတ်လွှင့်ချိန် |
|---|---|---|
| ၁။ | စကောကရင် | ၀၆:၀၀-၇:၀၀ နာရီ |
| ၂။ | အနောက်ပိုးကရင် | ၇:၀၀-၈:၀၀ နာရီ |
| ၃။ | အရှေ့ပိုးကရင် | ၈:၀၀-၉:၀၀ နာရီ |
| ၄။ | ချင်း(လိုင်ဇိုး) | ၉:၀၀-၁၀:၀၀ နာရီ |
| ၅။ | ချင်း(ချိုး) | ၁၀:၀၀-၁၁:၀၀ နာရီ |
| ၆။ | မွန် | ၁၁:၀၀-၁၃:၀၀ နာရီ |
| ၇။ | ရခိုင် | ၁၃:၀၀-၁၅:၀၀ နာရီ |
| ၈။ | ရှမ်း | ၁၅:၀၀-၁၇:၀၀ နာရီ |
| ၉။ | 'ဝ' | ၁၇:၀၀-၁၉:၀၀ နာရီ |
| ၁၀။ | ကချင် | ၁၉:၀၀-၂၁:၀၀ နာရီ |
| ၁၁။ | ကယား | ၂၁:၀၀-၂၃:၀၀ နာရီ |

- ❖ တိုင်းရင်းသားအစီအစဉ် ၁၁ ဘာသာကို နေ့စဉ် နံနက် ၀၀ နာရီမှ ည ၁၁ နာရီအထိ ထုတ်လွှင့်ချိန် ၁၇ နာရီ ထုတ်လွှင့် လျက်ရှိသည်။
- ❖ လေးလတစ်ကြိမ် နာရီလက်တံအတိုင်း အချိန်ပြောင်းလဲ ထုတ်လွှင့်လျက်ရှိရာ ယခုပြောင်းလဲခြင်းမှာ (၃၃)ကြိမ် မြောက် ဖြစ်သည်။

## မန္တလေးဘောလုံးသမားဟောင်းများအသင်းနှင့် ရုပ်ရှင်သရုပ်ဆောင်များပါဝင်သည့် YH 90 UNITEDအသင်းတို့ ချစ်ကြည်ရေးရန်ပုံငွေဘောလုံးပွဲ ကျင်းပမည်

မန္တလေး ဇူလိုင် ၁၉

မန္တလေးမြို့ရှိလျှင်ဒဏ်သင့်ပြည်သူများ အား ကူညီပံ့ပိုးမှုများပြုလုပ်ရန် ရည်ရွယ် ချက်ဖြင့်မန္တလေးတိုင်းဒေသကြီးအားကစား နှင့် ကာယပညာကော်မတီနှင့် မန္တလေး ဘောလုံးသမားဟောင်းများ အသင်းတို့ ပူးပေါင်း၍ မန္တလေးဘောလုံးသမား ဟောင်းများအသင်းနှင့် YH 90 UNITED ရုပ်ရှင်သရုပ်ဆောင်များပါဝင်သော အသင်း တို့ ချစ်ကြည်ရေးရန်ပုံငွေ ဘောလုံးပွဲကို ဇူလိုင် ၂၀ ရက် ညနေ ၄ နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစား ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အဆိုပါ ချစ်ကြည်ရေးရန်ပုံငွေ ဘောလုံး ပွဲအတွက် ဘောလုံးအားကစားကို ချစ်မြတ် နိုးသောပြည်သူများသည် ဘောလုံးပွဲကို ကြည့်ရှုအားပေးရင်း ပါဝင်လှူဒါန်းလိုသူ များအနေဖြင့် မန္တလေးဘောလုံးသမားများ အသင်းမှ ဦးမျိုးနိုင် ဖုန်း-၀၉-၂၀၁၁၉၉၉၊ ဦးအေးနိုင် -၀၉-၅၁၄၈၁၆၄၊ ဦးဝမြင့်ကိုဦး ဖုန်း ၀၉-၂၀၂၄၈၁၁၊ ဦးဝင်းနိုင် ဖုန်း ၀၉-၈၈၁၈၈၁၆၁၇ တို့သို့ ကြိုတင်ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

## ၁၉ - ၇ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၈၉၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

---

☆ ရှေ့ဖုံးမှ

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ မန်းငြိမ်းမောင်၊ ညွှန့်ပေါင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ (၇၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့နှင့်အတူ **စာမျက်နှာ ၄ သို့** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာဇာနည် ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။



ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ ဗိုလ်ချုပ်အောင်ဆန်း၏ အစ်ကို ဦးအောင်သန်း၏ မြေး ဦးရဲအောင်သန်းက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



သခင်မြ၏ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချစဉ်။



ဒီးဒုတ်ဦးဘချို၏ဂူဗိမာန်၌ မိသားစုဝင်တစ်ဦးက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ဦးဘဝင်း၏ဂူဗိမာန်၌ ဦးဘဝင်း၏ မိသားစုဝင်ကိုယ်စား အာဇာနည်နေ့အခမ်းအနားကျင်းပရေးကော်မတီမှ ကိုယ်စားလှယ်တစ်ဦးက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



မန်းဘခိုင်၏ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



မန်းဘခိုင်၏ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချစဉ်။



မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ဦးရာဇတ်၏ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချစဉ်။



ဦးအုန်းမောင်၏ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ရဲဘော်ကိုထွေး၏ဂူဗိမာန်၌ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။

☆ စာမျက်နှာ ၃ မှ

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေကိုချ၍ အလေးပြုကြသည်။

**မေတ္တာပို့သအမျှပေးဝေ**

ထိုအချိန်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တိုင်ဝက်သို့ လျှော့ချလွှင့်ထူ၍ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြှောက်၍လည်းကောင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော် အလေးပြုခရာမှုတ်၍လည်းကောင်း အလေးပြုကြပြီး နှစ်မိနစ်ငြိမ်သက်စွာ မေတ္တာပို့သအမျှပေးဝေကြသည်။

ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၊ ကိုယ်စားလှယ်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ ဂါရဝပြုကြပြီး မေတ္တာပို့သအမျှပေးဝေကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံရုံးယာယီတာဝန်ခံများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုကြသည်။

**လွမ်းသူ့ပန်းခွေချ အလေးပြု**

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ ခရစ်ယာန်ကလျာဏယုဝအသင်း(YMCA)၊ ရှင်သန်ရေးကူညီမှုအသင်း၊ မြန်မာနိုင်ငံဆရာဝန်များအသင်း၊ မြန်မာ-အိန္ဒိယချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်၊ မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ ဟိန္ဒူဗဟိုအဖွဲ့ချုပ်၊ သနန္တနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး၊ အိုလမာအစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ်၊ မြန်မာမွတ်စလင် သာသနာ့ပညာရှင်များအဖွဲ့ချုပ်၊ ဖူလ်းဂေါ်စပယ်အသင်းတော်အဖွဲ့ချုပ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစ္စလာမ်သာသနာ့ရေးရာကောင်စီဌာနချုပ်၊ မြန်မာမွတ်စလင် လူငယ်များအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊

စာမျက်နှာ ၅ သို့ ☆



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။



(၇၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ဂါရဝပြုကြသည့် ရဟန်းရှင်လူများ၊ ကျောင်းသား ကျောင်းသူများ၊ အများပြည်သူများက စနစ်တကျတန်းစီ၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့အမှတ်ရသောအားဖြင့် ဂါရဝပြုကြစဉ်။

☆ စာမျက်နှာ ၄ မှ

မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းချုပ်၊ မြန်မာအမျိုးသမီး စွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံ ပိုးကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ အရှိုချင်းနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံတော်ကတ်သလစ် ဆရာတော်ကြီးများအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၊ လေးကျွန်းသူဖောင်ဒေးရှင်းနှင့် မြန်မာစားသုံးသူသမဂ္ဂတို့အပါအဝင် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

**အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့အမှတ်ရသောအားဖြင့် ဂါရဝပြု**

ယင်းနောက် (၇၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်ဂါရဝပြုကြသည့် ရဟန်းရှင်လူများ၊ ကျောင်းသား ကျောင်းသူများ၊ အများပြည်သူများက စနစ်တကျတန်းစီ၍ အာဇာနည် ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့အမှတ်ရသောအားဖြင့် ဂါရဝပြုကြသည်။

၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံးတိုင်ဝက်လွှင့်ထူခဲ့ကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားတို့က ဥသြဆွဲ အချက်ပေးခဲ့သည်။

**အများပြည်သူများက လာရောက်ဂါရဝပြုလေ့လာ**

ယနေ့တွင် အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၊ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး)များသို့လည်း အများပြည်သူများက လာရောက်ဂါရဝပြုလေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။





မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံရုံးယာယီတာဝန်ခံများက လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။





လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။

# ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ပြီး မြန်မာနိုင်ငံလွတ်လပ်ရေးရဖို့အတွက် ကြိုးစားသွားတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း မြန်မာနိုင်ငံကို ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်တဲ့ နိုင်ငံတစ်ခုအဖြစ်သွားနိုင်ဖို့ ဗိုလ်ချုပ်မျှော်မှန်းခဲ့တယ်ဆိုတာ ဗိုလ်ချုပ်ရဲ့ပြောကြားချက်တွေမှာ အများကြီးပါ ပါတယ်။ ဒါကို ကျွန်တော်တို့လက်ရှိ ရှိနေတဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေအားလုံး ဝိုင်းဝန်းကြိုးစားရမှာဖြစ်ပါတယ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**

၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဂါရဝပြုသည်။ အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ဂါရဝပြုခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံပိုင်မီဒီယာများက အာဇာနည်နေ့ အခမ်းအနားနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့ရာ ၎င်းက အောက်ပါအတိုင်း ပြန်လည်ဖြေကြားခဲ့ပါသည်-

"ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ပြီး မြန်မာနိုင်ငံလွတ်လပ်ရေးရဖို့အတွက် ကြိုးစားသွားတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း မြန်မာနိုင်ငံကို ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်တဲ့ နိုင်ငံတစ်ခုအဖြစ်သွားနိုင်ဖို့ ဗိုလ်ချုပ်မျှော်မှန်းခဲ့တယ်ဆိုတာ ဗိုလ်ချုပ်ရဲ့ပြောကြားချက်တွေမှာ အများကြီးပါ ပါတယ်။ ဒါကို ကျွန်တော်တို့လက်ရှိ ရှိနေတဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေအားလုံး ဝိုင်းဝန်းကြိုးစားရမှာဖြစ်ပါတယ်။

"ဝိုင်းဝန်းကြိုးစားတဲ့အခါမှာလည်း အားလုံးညီညီညွတ်ညွတ်နဲ့ တိုင်းပြည်ကို တကယ်ကောင်းအောင် လုပ်မယ်ဆိုတဲ့စိတ်နဲ့ လုပ်ကြတာကောင်းပါတယ်။ ဗိုလ်ချုပ်တို့က အသက်စွန့်ပြီးတော့၊ အသက်ပေးပြီးတော့လုပ်သွားကြတာပါ။ ဒါ့အပြင် တိုင်းပြည်ရဲ့တန်ဖိုးက လွတ်လပ်ရေးပါ။ နောက်တစ်ခါ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒါတွေရှိတယ်။ သို့သော်လည်း စည်းနဲ့ကမ်းနဲ့ ဖြစ်တဲ့စနစ်မျိုးတော့ ဖြစ်ဖို့လိုပါတယ်။ ဒီလိုမဟုတ်ဘဲ စည်းမဲ့ကမ်းမဲ့လုပ်မယ်ဆိုရင် တိုင်းပြည်အတွက် အန္တရာယ်လည်းရှိပါတယ်။ ဒါကြောင့် ဗိုလ်ချုပ်မျှော်မှန်းခဲ့တဲ့လမ်းကြောင်းအတိုင်းပဲ တိုင်းသူပြည်သားအားလုံး၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့လုပ်ကိုင်သွားကြဖို့ လိုပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။"

သတင်းစဉ် သတင်းအဖွဲ့



# အာဇာနည်ခေါင်းဆောင်ကြီးများအပေါ် သားစဉ်မြေးဆက်တို့၏ သဘောထားအမြင်များ

မြန်မာ့လွတ်လပ်ရေးအတွက် အသက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး လွတ်လပ်ရေးမုခ်ဦးတံခါးဝရောက်ခါနီးချိန်ခါမှ မသမာသူလူတစ်စု၏ လုပ်ကြံမှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော အာဇာနည်ခေါင်းဆောင်ကြီးများ ကြေကွဲဝမ်းနည်းဖွယ်ရာ ကျဆုံးခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၇၈)နှစ်တိုင်ခဲ့ချေပြီ။ သို့သော် မျိုးဆက်အလီလီက ယနေ့တိုင်မေ့မရနိုင်။ အထူးသဖြင့် နှစ်စဉ်အာဇာနည်နေ့ရောက်လေတိုင်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂုဏ်ကျေးဇူးတရားကို မျိုးဆက်အလီလီက အောက်မေ့သတိရလျက်ရှိကြသည်။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ သားစဉ်မြေးဆက်မိသားစုဝင်များကလည်း လွမ်းဆွတ်အောက်မေ့သတိရသည့်နည်းတူ တစ်ဖက်ကလည်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ မျိုးဆက်များအဖြစ် ဂုဏ်ယူမဆုံးရှိကြသည်။




ဦးရဲအောင်သန်း



ဒေါ်ဇင်ဇင်ဦး



ရှိန်းမြသံဇဉ်မေ



မစဝ်သိမ့်ကြာဖြူ



ဒေါ်မြင့်မြင့်သန်း

ယနေ့ (၇၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်လာသူ ဗိုလ်ချုပ်အောင်ဆန်း၏ မိသားစုဝင်မြေးတစ်ဦးလည်းဖြစ်၊ ဗိုလ်ချုပ်၏ အစ်ကို ဦးအောင်သန်း၏ မြေးလည်းဖြစ်သူ ဦးရဲအောင်သန်းက "(၇၈)နှစ်မြောက် အာဇာနည်နေ့မှာ အာဇာနည်ခေါင်းဆောင်ကြီးတွေကို လာရောက်ဂါရဝပြုရတဲ့အတွက် ဝမ်းသာပါတယ်။ အာဇာနည် ခေါင်းဆောင်ကြီးတွေ အသက်ပေးပြီးယူပေးခဲ့တဲ့ လွတ်လပ်ရေးကို မျိုးဆက်သစ်လူငယ်တွေအနေနဲ့ ထိန်းသိမ်းဖို့ လိုအပ်ပါတယ်။ ဗိုလ်ချုပ်ချမှတ်ထားတဲ့လမ်းစဉ်အတိုင်း သွားစေချင်ပါတယ်"ဟု ပြောသည်။

မြေးချွေးမ တော်စပ်သူ ဒေါ်ဇင်ဇင်ဦးကလည်း "အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ မိသားစုဝင်ဖြစ်ရတဲ့အတွက်ရယ်၊ အခုလို လာရောက်ဂါရဝပြုရတဲ့အတွက် ဂုဏ်ယူရပါတယ်။ ယနေ့မျိုးဆက်သစ်လူငယ်တွေအနေနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေ ကဲ့သို့ တိုင်းပြည်နဲ့လူမျိုးကို ချစ်မြတ်နိုးပြီး နိုင်ငံ့အပေါ်ချစ်တဲ့စိတ်ဓာတ်နဲ့ အမူအကျင့်တွေကိုလည်း ဆက်လက် ထိန်းသိမ်းဆောင်ရွက်သွားစေချင်ပါတယ်"ဟု ပြောသည်။

မျိုးဆက်ကွာဟမှုများ ရှိသော်ငြား အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ၏မြစ် တော်စပ်သူ ရှိန်းမြသံဇဉ်မေက အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ၏ မြစ်တစ်ယောက် အနေဖြင့် ဆွေမျိုးဖြစ်ရသည်ကို ဂုဏ်ယူမိပါကြောင်းဆိုသည်။

"အာဇာနည် ခေါင်းဆောင်ကြီး သခင်မြရဲ့ နိုင်ငံ့အတွက် လုပ်ဆောင်ချက်တွေကို ကျွန်မတို့ ဘိုးဘိုးက ပြောပြခဲ့ပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့အကြောင်းကို ကျောင်းသင်ခန်းစာ၊ သမိုင်းဘာသာရပ်မှာလည်း သင်ရတဲ့အတွက် မေ့နိုင်စရာအကြောင်းမရှိပါဘူး။ အမြဲတမ်းအမှတ်ရ ဂုဏ်ယူလေးစားနေရပါတယ်။ ကျွန်မတို့ မျိုးဆက်သစ်လူငယ်တွေ အနေနဲ့လည်း ဗိုလ်ချုပ်အောင်ဆန်း ကဲ့သို့ ထက်မြက်တဲ့ အရည်အချင်းတွေကို အတုယူသင့်ပါတယ်"ဟု ပြောသည်။

အာဇာနည် ခေါင်းဆောင်ကြီး မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏မြစ်တော်စပ်သူ မစဝ်သိမ့်ကြာဖြူက "ကျွန်မငယ်ငယ်က အဘေးရဲ့အကြောင်းကိုအဘိုးကပုံပြင်အနေနဲ့ ဘာတွေလုပ်ခဲ့တယ်ဆိုတာ ပြောပြဖူးတယ်။ အဘေးအတွက် ကျွန်မတို့ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ အဘေးနဲ့အတူ အာဇာနည်ခေါင်းဆောင်ကြီးတွေကို ကျွန်မတို့ လူငယ်တွေက လေးစားသမှုပြုရမယ်။ ဘာလို့လဲဆို လွတ်လပ်ရေးကို ရအောင်ယူပေးခဲ့လို့၊ ဒါကြောင့် လေးစားသင့်တယ်၊ တန်ဖိုးထားသင့်တယ်"ဟု ဆိုသည်။

အာဇာနည် ခေါင်းဆောင်ကြီး မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ မြေးချွေးမ တော်စပ်သူ ဒေါ်မြင့်မြင့်သန်းက နိုင်ငံတော်အတွက် အသက်ပေးသွားခဲ့သည့် အဘိုးအတွက်ဂုဏ်ယူပါကြောင်း၊ အာဇာနည် ခေါင်းဆောင်ကြီးများကို မျိုးဆက်သစ်လူငယ်များကလည်း ရိုသေလေးစားကြကြောင်း၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကောင်းမြတ်သည့် အမွေအနှစ်များကို လက်ဆင့်ကမ်းသယ်ဆောင်သွားကြဖို့ အကြံပြုချင်ကြောင်း ပြောကြားသည်။

**စာမျက်နှာ ၇ သို့ ✳**

✻ စာမျက်နှာ ၆ မှ

အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏ သမီးဖြစ်သူ ဒေါ်မြင့်မြင့်ခိုင်က “ကျွန်မကတော့ နိုင်ငံ့တာဝန်ကို နှစ် ၄၀ ကျော် ထမ်းဆောင်ခဲ့ပြီးပါပြီ။ အခုလည်း နိုင်ငံတော်က အခါအားလျော်စွာ ပေးအပ်တဲ့ တာဝန်တွေကို ထမ်းဆောင်နေပါတယ်။ ကျွန်မ လိုပဲ နိုင်ငံသူ နိုင်ငံသားအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ကျရာတာဝန်ကို ထမ်းဆောင်ကြမယ်ဆိုရင် လွတ်လပ်တဲ့နိုင်ငံ တင်မကဘူး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံဖြစ်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်မ သုံးနှစ်သမီးအရွယ်ကတည်းက ကျွန်မရဲ့ဖခင်က ကျဆုံးသွားခဲ့တာကြောင့် ကျွန်မရဲ့ဖခင်ဖြစ်သူကို မမီခဲ့ပါဘူး၊ ဖခင်ဖြစ်သူရဲ့ အကြောင်းအရာတွေကို မိခင်ဖြစ်သူရဲ့ ပြောကြားချက်တွေနဲ့ စာအုပ်စာပေတွေက လေ့လာဖတ်ရှု သိခဲ့ရပါတယ်”ဟု ဆိုသည်။

အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏ မြေးတော်စပ်သူ ဦးညီညီဆွေခိုင်က “အာဇာနည်ခေါင်းဆောင်ကြီးတွေကို တစ်နှစ်တစ်ခါမှ သတိရတာထက်စာရင် သူတို့ရဲ့ တိုင်းပြည်အပေါ်ထားတဲ့ စိတ်ဓာတ်၊ တိုင်းပြည်ကောင်းအောင်ကြိုးစားခဲ့တဲ့ စိတ်ဓာတ်၊ စေတနာတို့ကို တိုင်းပြည်တိုးတက်စေဖို့ လုပ်ကိုင်ဆောင်ရွက်မယ်ဆိုရင် တိုင်းပြည်အတွက် ပိုအကျိုးရှိမယ်လို့ ထင်မြင်ပါကြောင်း” ပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏ မြေးတော်စပ်သူ ဒေါ်နန့်စိုးစိုးခိုင်က “ကျွန်မတို့ မိသားစုတွေက ချစ်ခြင်းမေတ္တာနဲ့ တည်ဆောက်ပါတယ်။ အဘိုးရှိစဉ်က အဘိုးရဲ့အကြောင်းကို စာတွေမှာ ကရင်-ဗမာ ချစ်ကြည်စည်းလုံး ညီညွတ်ရေး ဗိသုကာကြီးဆိုပြီး ခေါင်းစဉ်တပ်ရေးထားတဲ့ စာတွေမှာ ဖတ်ဖူးပါတယ်။ ဆက်ပြီးတော့ အရာရာတိုင်းကို ချစ်ခြင်းမေတ္တာနဲ့ တည်ဆောက်ပြီး ကျော်ဖြတ်ဖို့ လိုပါတယ်။ မြန်မာပြည်မှာ တိုင်းရင်းသားပေါင်းစုံ ရှိတာကြောင့် ဘာပဲလုပ်လုပ် ချစ်ခြင်းမေတ္တာကို တည်ဆောက်ပြီးသွားမယ်ဆိုရင် အကောင်းဆုံး ဖြစ်မယ်လို့လည်း ယုံကြည်ပါတယ်”ဟု ဆိုသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဦးအုန်းမောင်၏ သားဖြစ်သူ ရန်ကုန်တက္ကသိုလ် ကုန်ထုတ်ဓာတုဗေဒ အငြိမ်းစားပါမောက္ခ ဌာနမှူး ဒေါက်တာမင်းမြင့်က “အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ငယ်စဉ်ဘဝကတည်းက ကျဆုံးချိန်အထိ ကျင့်သုံးခဲ့တာတွေကို မျိုးဆက်သစ်တွေအနေနဲ့ လေ့လာဖို့လိုပါတယ်”ဟု ဆိုသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဦးအုန်းမောင်၏ မြေးများဖြစ်သူ ဒေါက်တာ ကျော်သက်အောင်နှင့် ဒေါက်တာ ကျော်ထက်အောင်တို့ကလည်း “ကျွန်တော်တို့ငယ်စဉ်



ဒေါ်မြင့်မြင့်ခိုင်



ဦးညီညီဆွေခိုင်



ဒေါ်နန့်စိုးစိုးခိုင်



ဒေါက်တာ မင်းမြင့်



ဒေါက်တာ ကျော်သက်အောင်နှင့် ဒေါက်တာ ကျော်ထက်အောင်





ဦးသန့်ဇင်ချို



ဒေါ်ညိုမီရာဇတ်





ဦးလှကြည်



ဒုတိယဗိုလ်မှူးကြီး အောင်ကိုကို(ငြိမ်း)

အဘွားရှိစဉ်ကဆိုရင် အာဇာနည်ခေါင်းဆောင်ကြီးတွေ တစ်ဦးတစ်ယောက်ချင်းစီက ဘယ်လိုစွမ်းဆောင်ခဲ့တယ် ဆိုတာတွေ၊ သူတို့ရဲ့ အရည်အချင်းတွေကို ပြောပြခဲ့လို့ သိရှိခဲ့ရပါတယ်။ ဂုဏ်ယူလေးစားစရာ ကောင်းပါတယ်။ လူငယ်တွေမှာလည်း အာဇာနည် ခေါင်းဆောင်ကြီးတွေလို နိုင်ငံကောင်းဖို့၊ နိုင်ငံတိုးတက်ဖို့ စွမ်းဆောင်ရည်ရှိတဲ့ စိတ်တွေကို မျိုးဆက်သစ်တွေ ဆက်လက်ထိန်းသိမ်းဖို့လိုပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေလို အသက်ငယ်ငယ်နဲ့ နိုင်ငံ့အရေးစွမ်းဆောင်နိုင်ခဲ့တာတွေကို လူငယ်တွေမြင်ဖို့၊ ကြိုးစားဖို့လိုပါတယ်”ဟု ဆိုသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချို၏ မြေးတော်စပ်သူ ဦးသန့်ဇင်ချိုက “မျိုးဆက်သစ်တွေအနေနဲ့ တိုင်းပြည်တိုးတက်ဖို့ဆိုတာ ပထမဆုံး ငြိမ်းချမ်းရေးရပြီးမှသာ တိုင်းပြည်တိုးတက်နိုင်မယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အတူတကွလက်တွဲပြီး တိုင်းပြည်တိုးတက်ရေး ဆောင်ရွက်နိုင်ဖို့ အားလုံးကြိုးစားကြစေချင်ပါတယ်။ အဘိုးက စာပေဘက်ရော ဂီတဘက်မှာပါ နှံ့နှံ့စပ်စပ်သိတဲ့ပုဂ္ဂိုလ်ပါ။ ကျွန်တော်တို့အနေနဲ့ အဘိုးကိုမမီပေမယ့် အဘိုးရဲ့စာပေနဲ့ ဂီတပိုင်းဆိုင်ရာရေးတဲ့ စာအုပ်တွေကို မပျောက်ပျက်အောင် ထိန်းသိမ်းပြီး နောင်မျိုးဆက်တွေအတွက် လက်ဆင့်ကမ်းပြီး ယဉ်ကျေးမှုတက္ကသိုလ်တွေကို စာအုပ်စာစောင်တွေလှူဒါန်းတာမျိုး ဆောင်ရွက်ခဲ့ပါတယ်။ လူမျိုးတစ်မျိုးမှာ ကိုယ်ပိုင်ယဉ်ကျေးမှုဆိုတာရှိတယ်။ ယဉ်ကျေးမှုဆိုတာ လူမျိုးတစ်မျိုးရဲ့ အထိမ်းအမှတ်ပြယုဂ်လည်း ဖြစ်ပါတယ်။ မြန်မာလူမျိုးတစ်ယောက်အနေနဲ့ နိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးတွေအားလုံး အနေနဲ့ မိမိတို့လူမျိုး၊ ယဉ်ကျေးမှုအစဉ်အဆက်တွေကို ထိန်းသိမ်းပြီး မိမိတို့ယဉ်ကျေးမှုဂုဏ်ကို စောင့်ထိန်းစေချင်ပါတယ်” ဟု ပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်၏ မြေးတော်စပ်သူ ဒေါ်ညိုမီရာဇတ်ကလည်း “ကျွန်မအဖေက အဘိုးဆုံးတဲ့အချိန်မှာ ငယ်ငယ်လေးပဲ ရှိသေးတယ်။ ကျွန်မတို့အနေနဲ့ အဘိုးကိုမြင်တွေ့ခွင့်မရခဲ့ပါဘူး။ ကျွန်မတို့ အရွယ်ရောက်လာတော့ စာတွေသင်တဲ့အခါ၊ လေ့လာပြီး ဖတ်ရှုတဲ့အခါ ကျွန်မတို့အဘိုးရဲ့အကြောင်းတွေကို သိရတယ်။ အဲဒီတော့ ကျွန်မတို့က အဘိုးက တိုင်းပြည်အတွက် လုပ်ခဲ့တာပဲ၊ အဲဒီအတွက် ငါတို့အဘိုးက အလွန်လေးစားဂုဏ်ယူဖို့ကောင်းတယ်။ အဲဒါလေးတွေကို ကျွန်မခံစားရပါတယ်။ အခုလိုမျိုး တစ်နှစ်တစ်ခါ ကြုံတွေ့ရတဲ့အခါမှာ ကျွန်မတို့အတွက် အမှတ်တရတွေ ပိုပြီးဖြစ်ရတာပေါ့။ အဘိုးရဲ့အကြောင်းတွေကို ကြားထဲမှာ ပိုပြီးလေ့လာဖြစ်တယ်၊ ပိုပြီးသိလာတယ်။ နောက်မျိုးဆက်သစ်တွေအနေနဲ့လည်း တိုင်းပြည်အပေါ်မှာ သစ္စာရှိရှိနဲ့ တိုင်းပြည်တိုးတက်အောင် ဆောင်ရွက်သွားစေချင်ပါတယ်”ဟုပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်၏သားဖြစ်သူ ဦးလှကြည်က “အဲဒီတုန်းက ကျွန်တော်က ငယ်သေးတော့ သိပ်တော့မမှတ်မိဘူး။ နောက်ကျောင်းတက်တဲ့အခါ၊ လူကြီးတွေ ပြောတဲ့အခါတွေ ပတ်ဝန်းကျင်က ကျွန်တော်တို့အပေါ် လေးလေးစားစားဆက်ဆံလာကြတယ်။ ဘာကြောင့်လဲ တော့ ကျွန်တော်လည်း မသိဘူးပေါ့။ နည်းနည်းကြီးလာတော့မှ အာဇာနည်ကြီးရဲ့ သားသမီးဖြစ်တဲ့အတွက် ပရိသတ်က ကရုဏာသက်ကြတယ်လို့ ခံစားရတယ်” ဟု ဆိုသည်။

အာဇာနည်ခေါင်းဆောင်ကြီး ရဲဘော်ကိုထွေး၏ တူတော်စပ်သူ ဒုတိယဗိုလ်မှူးကြီး အောင်ကိုကို (ငြိမ်း)က “ဗိုလ်ချုပ်တို့သူ့သက်တမ်းတိုလေးအတွင်းမှာ အများကြီး လုပ်ခဲ့တယ်။ ခြုံပြီးတော့ ခွဲလိုက်မယ်ဆိုရင် သုံးမျိုးပေါ့။ ပထမ တစ်ခုကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်ကို လုပ်ခဲ့တာ၊ ဒုတိယတစ်ခုကတော့ နိုင်ငံတော်ရဲ့လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာတည်မြဲဖို့ ရရှိဖို့ဆိုပြီးတော့ ကြိုးပမ်းခဲ့တာ၊ နောက်ဆုံးတစ်ခုကတော့ လွတ်လပ်ပြီးတဲ့ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ဘယ်လိုလုပ်မယ်ဆိုတာ ကြံစည်ခဲ့တာ၊ တကယ်တော့ ဗိုလ်ချုပ်တို့က လွတ်လပ်တဲ့အချိန်မှာ သူတို့မရှိတော့ဘူး၊ မရှိတော့တဲ့အတွက်ကြောင့် သူတို့က Plan ချပေးခဲ့တဲ့သဘောပဲ ရှိတယ်။ ဒါပေမဲ့ လွတ်လပ်ပြီးတဲ့အခါက စပြီးတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးက တဖြည်းဖြည်းနဲ့ ပျက်လာတယ်၊ စည်းလုံးညီညွတ်မှု ပြိုကွဲလာတဲ့အခါကျတော့ အချုပ်အခြာအာဏာ ထိခိုက်လာတယ်၊ လွတ်လပ်ရေးကို ထိပါးမယ့် အရိပ်အရောင်တွေ တွေ့လာရတယ်၊ ဒါ ယနေ့အထိပါပဲ”ဟု သုံးသပ်ပြောကြားခဲ့သည်။

ဇူလိုင် ၁၉ ရက် နံနက်ခင်းက နေရောင်ဖျော့ဖျော့ထွန်းလင်းတောက်ပလို့နေသည်။ ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးချိန် အချိန် နီးကပ်လာချိန်တွင်မူ မိုးကောင်းကင်သည် ရုတ်ခြည်း အုပ်ဆိုင်းသွားသည်။ ထိုမှတစ်ဆင့် မိုးစက်မိုးပေါက်များအဖြစ် ရွာသွန်းဖြိုးတော့သည်။ နံနက် ၁၀ နာရီ ၃၇ မိနစ်အရောက်တွင်မူ ဝမ်းနည်းခြင်းအထိမ်းအမှတ် ဥသြဆွဲသံများ၊ ကားဟွန်းတီးသံများက အောက်မေ့တမ်းတ လွမ်းမောဖွယ်ရာ ထွက်ပေါ်လာသည်။ ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂုဏ်ကျေးဇူးကို မမေ့သောအားဖြင့် မျိုးဆက်အလီလီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်တစိုက် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်ခြင်းဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ကျေးဇူးတရားကို တုံ့ပြန်ပေးဆပ်ကြပါစို့။ ။

**သတင်းစဉ်သတင်းအဖွဲ့**

## ညောင်ဦးမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပျောက်ဆုံးမှုလျော့ကျရေး ကွင်းဆင်းစစ်ဆေး

ညောင်ဦး ဇူလိုင် ၁၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ဝင်ငွေတိုးတက်စေရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းပပျောက်ရေးအတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်းကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းမှစတင်၍ညောင်ဦးမြို့ပေါ် ရပ်ကွက်/ကျေးရွာများအတွင်း လိုက်လံစစ်ဆေးဆောင်ရွက်လျက်ရှိသည်။

အဆိုပါစစ်ဆေးဆောင်ရွက်ခြင်းကို မြို့နယ်လျှပ်စစ်မန်နေဂျာဒေါ်အေးအေးဝင်းက ဦးဆောင်၍ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းများက ရပ်ကွက်/ကျေးရွာအတွင်းရှိ ထရန်စဖော်မာများ၊ ပါဝါမီတာများနှင့် အိမ်သုံးမီတာများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ တရားမဝင်ဓာတ်အားသုံးစွဲမှုမရှိစေရေး၊ အများပြည်သူများ သုံးစွဲယူနစ်တောင်းခံမှုမှန်ကန်စေရေးနှင့် ဓာတ်အားပျောက်ဆုံးမှုလျှော့ချနိုင်စေရေးအတွက် စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဒီပါလင်း**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ဝဇီရာ ရုပ်ရှင်ရုံအတွင်းကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဝဇီရာရုပ်ရှင်ရုံအား ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်နိုင်မည့်အခြေအနေများနှင့် စာဆိုဗိမာန်တည်ဆောက်နေမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၉

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဒါရိုက်တာကြည်စိုးထွန်းနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ဝဇီရာရုပ်ရှင်ရုံအား ဂုဏ်ပြုခံကဇာတ်ရုံ(Red Carpet Theatre)အဖြစ် အဆင့်မြှင့်တင်နိုင်မည့်အခြေအနေများနှင့် စာဆိုဗိမာန် တည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ဝဇီရာရုပ်ရှင်ရုံအား ဂုဏ်ပြုခံကဇာတ်ရုံ (Red Carpet Theatre)အဖြစ် အဆင့်မြှင့်တင်နိုင်ရေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝဇီရာရုပ်ရှင်ရုံသို့ ရောက်ရှိကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝဇီရာရုပ်ရှင်ရုံအား ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်နိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ ရုပ်ရှင်ရုံ၏ နောက်ခံသမိုင်းကြောင်း၊ ဗိသုကာဆိုင်ရာထူးခြားမှု၊ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်အကောင်အထည် ဖော်သွားမည့် လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ပြီးစီးပါက ရရှိလာနိုင်မည့် အကျိုးရလဒ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဒါရိုက်တာကြည်စိုးထွန်းက ဝဇီရာရုပ်ရှင်ရုံ သမိုင်းကြောင်းနှင့် ခေတ်အဆက်ဆက် ရုပ်ရှင်ဇာတ်ကားများ ပြသခဲ့မှုနှင့် ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းပြီး ရုပ်ရှင်ရုံအား အဆင့်မြှင့်တင်ခြင်းဆောင်ရွက်ရာတွင် နိုင်ငံတကာအဆင့်မီသည့် ရုပ်ရှင်ရုံတစ်ခုအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရုပ်ရှင်ရုံ၏ ယခင်မူလမှတ်တမ်းဓာတ်ပုံများအား ပြန်လည်စုဆောင်း၍ ယခင်ပုံစံအတိုင်း မူလလက်ရာမပျက်စေဘဲ စနစ်တကျဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရုပ်ရှင်ရုံပတ်ဝန်းကျင်၌ ကားရပ်နားရန်နေရာများ စနစ်တကျဖြစ်စေရေးနှင့် အများပြည်သူသွားလာမှု အဆင်ပြေစေရေး လူသွားစင်္ကြံများအား စနစ်တကျဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝဇီရာရုပ်ရှင်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါ ဝဇီရာရုပ်ရှင်ရုံသည် ၁၉၂၃ ခုနှစ်ခန့်တွင် တည်ဆောက်ခဲ့ပြီး ၁၆ ရာစုမှ ၁၈ ရာစုအတွင်းရှိ ပြင်သစ်ဗိသုကာအသွင်အပြင်များ ပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာပုံစံများဖြင့် တည်ဆောက်ထားသော ရှေးဟောင်းအဆောက်အအုံတစ်လုံးဖြစ်ပြီး ယခုအခါ အဆိုပါ ဝဇီရာရုပ်ရှင်ရုံအား ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စာဆိုဗိမာန် အဆောက်အအုံတည်ဆောက်ရေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် ဗိုလ်မင်းခေါင်လမ်းရှိ မြန်မာနိုင်ငံတွင် ပေါ်ထွန်းခဲ့သော စာပေပညာရှင်များနှင့် စာရေးဆရာများကို အသိအမှတ်ပြုချီးမြှင့်သည့် အထိမ်းအမှတ်အနေဖြင့် တည်ဆောက်လျက်ရှိသည့် စာဆိုဗိမာန်အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စာဆိုဗိမာန်အဆောက်အအုံအား သုံးထပ်အဆောက်အအုံအဖြစ် တည်ဆောက်လျက်ရှိမှု၊ အဆောက်အအုံအား စနစ်တကျတည်ဆောက်နိုင်ရေး ကော်မတီများဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးဆောင်ရွက်လျက်ရှိမှု၊ စာဆိုဗိမာန်အား အထပ်အလိုက်ပြခန်းများ ခင်းကျင်းပြသနိုင်ရေးစီမံဆောင်ရွက်ထားရှိမှုနှင့် ယခင် သုံးထပ်အဆောက်အအုံအား စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်အဖြစ် ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လုပ်ငန်းဆောင်ရွက်မှုများအား **စာမျက်နှာ ၉ သို့❖**

## ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများ လှူဒါန်းပေးပို့ပေးပါရန် မေတ္တာရပ်ခံခြင်း

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် ၃၂၇ တွင် တည်ရှိသည့် ဝဇီရာရုပ်ရှင်ရုံသည် ၁၉၂၃ ခုနှစ်ခန့်က တည်ဆောက်ခဲ့သည့် ရှေးဟောင်းရုပ်ရှင်ရုံဖြစ်ပြီး ၁၆ ရာစုမှ ၁၈ ရာစုအတွင်းရှိ ဗိသုကာအသွင်အပြင်များ ပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာပုံစံများ၊ ရုပ်လုံးကြွများဖြင့် တန်ဆာဆင်တည်ဆောက်ထားသဖြင့် မြန်မာ့ရုပ်ရှင်သမိုင်းအတွက် ဂုဏ်ယူထိန်းသိမ်းထားရမည့် အဆောက်အအုံကြီးတစ်ခုဖြစ်ပါသည်။ ဝဇီရာရုပ်ရှင်ရုံကြီးသည် ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များက ရုပ်ရှင်ဇာတ်ကားများ၊ ပြဇာတ်များအား ပြည်သူများ အပန်းဖြေပျော်ရွှင်စေရန် တင်ဆက်ပြသခဲ့သည့် ရုပ်ရှင်ရုံကြီးဖြစ်သည့်အတွက် အနုပညာစိတ်ဝိညာဉ်များ ဆုံစည်းရာနေရာတစ်ခုလည်း ဖြစ်ပါသည်။

ယခုအခါ ဝဇီရာရုပ်ရှင်ရုံကြီးအား နိုင်ငံတော်အစိုးရက ဂုဏ်ပြုခံကဇာတ်ရုံကြီး(Red Carpet Theatre)အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး အဆင့်မြှင့်တင်ဆောင်ရွက်ပြီးပါက ရုပ်ရှင်ရုံအဖြစ်သာမက ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေး၊ အက၊ ဂီတပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးများ၊ သင်တန်းများ၊ စတူဒီယိုနှင့် အနုပညာဖန်တီးနိုင်သည့်နေရာများအဖြစ်ပါ အသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် အဆောက်အအုံဆိုင်ရာ အချက်အလက်များ၊ ပုံစံကားချပ်များ၊ ဖျော်ဖြေတင်ဆက်မှုနှင့် ကြည့်ရှုအားပေးမှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံများအား မူရင်းဖြစ်စေ၊ မိတ္တူပွား၍ဖြစ်စေ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ ဆက်သွယ်လှူဒါန်းပေးပါရန် မေတ္တာရပ်ခံ အသိပေးအပ်ပါသည်။

**ဆက်သွယ်ရမည့်ပုဂ္ဂိုလ်များ**

- ဦးရဲလင်းမြင့်၊ ညွှန်ကြားရေးမှူး
  ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
  ၀၉ ၇၉၈၃၇၄၇၀၉၊ ၀၁၇ ၅၃၆၀၃၀
- ဦးချမ်းသာကြည်စိုး၊ တွဲဖက်အတွင်းရေးမှူး(၂)
  မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
  ၀၉ ၇၆၅၆၂၆၇၉

**★ ဝဇီရာရုပ်ရှင်ရုံသည် ၁၉၂၃ ခုနှစ်ခန့်တွင် တည်ဆောက်ခဲ့ပြီး ၁၆ ရာစုမှ ၁၈ ရာစုအတွင်းရှိ ပြင်သစ်ဗိသုကာအသွင်အပြင်များ ပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာပုံစံများဖြင့် တည်ဆောက်ထားသော ရှေးဟောင်းအဆောက်အအုံတစ်လုံးဖြစ်ပြီး ယခုအခါ အဆိုပါ ဝဇီရာရုပ်ရှင်ရုံအား ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်မှုများ ဆောင်ရွက်သွားမည်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စာဆိုဗိမာန်အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်းက ရှင်းလင်းတင်ပြစဉ်။

❖ စာမျက်နှာ ၈ မှ

သတ်မှတ်ကာလအတွင်းပြီးစီးနိုင်ရေးနှင့် အရည်အသွေးပြည့်မီသည့်အဆောက်အအုံများဖြစ်စေရေး စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ စာဆိုဗိမာန်ဆောက်လုပ်ပြီးစီးပါက ခေတ်ပုံများနှင့် သမိုင်းအထောက်အထားစာရွက်စာတမ်းများအား ခင်းကျင်းပြသရာတွင် ကြည်လင်ပြတ်သားစွာ ပြသထားရှိနိုင်ရန် လိုကြောင်း၊ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်အဆောက်အအုံအား ပြည်သူများဗဟုသုတဖြစ်စေရန်နှင့် စာဖတ်သည့် အလေ့အကျင့်များ တိုးပွားစေရန် ရည်ရွယ်ဆောင်ရွက်စေခြင်းဖြစ်သဖြင့် ဆိတ်ငြိမ်စွာဖြင့် စာပေဖတ်မှတ်လေ့လာနိုင်ရေး စီမံဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အဆောက်အအုံလုပ်ငန်းများအပြင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးတို့ကိုလည်း စီမံဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စာဆိုဗိမာန်အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

အဆိုပါစာဆိုဗိမာန် အဆောက်အအုံကို သုံးထပ်အဆောက်အအုံအဖြစ် တည်ဆောက်လျက်ရှိပြီး တည်ဆောက်ပြီးစီးပါက စာပေဖွံ့ဖြိုးမှုဆိုင်ရာ ဆောင်ရွက်မှု သမိုင်းမှတ်တမ်းခေတ်ပုံများ၊ စာဖတ်ခန်းနှင့် စာကြည့်တိုက်၊ သမိုင်းဝင်ဂီတအနုပညာများ ခင်းကျင်းပြသမည့် ပြခန်းများ၊ ပေ ပုရပိုက်များ ခင်းကျင်းပြသမည့် ပြခန်းများ၊ သမိုင်းဝင်ကဗျာများ ခင်းကျင်းပြသမည့် ပြခန်းများ၊ စာပေဆုရခဲ့ဖူးသော စာအုပ်စာပေများ ခင်းကျင်းပြသမည့်ပြခန်းများ၊ မြန်မာနိုင်ငံ၌ ထင်ရှားကျော်ကြားခဲ့သည့် ခေတ်သုံးခေတ်မှ စာဆိုတော်ကြီးများ၊ တစ်သက်တာစာပေဆုရရှိခဲ့ကြသည့် စာပေပညာရှင်များနှင့် ကဗျာဆရာများ၏ ရုပ်တုများထားရှိသည့် ပြခန်းများကို ထည့်သွင်းထားရှိသွားမည် ဖြစ်သည်။

ယခင်စာပေဗိမာန်စာကြည့်တိုက်သည် စာပေဗိမာန် သုံးထပ်အဆောက်အအုံ၏ ပထမထပ်တွင် တည်ရှိပြီး ယခုတိုးတက်လာသည့် လူဦးရေနှင့် မြို့ပြဖွံ့ဖြိုးမှု အခြေအနေများအရ ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် "အမှောင်ခွင်း၍ အလင်းဆောင်အံ့" ဟူသော စာပေဗိမာန်၏ ဆောင်ပုဒ်နှင့်အညီ နိုင်ငံသားများ အသိဉာဏ်ပညာ တိုးပွားစေရန်၊ မြန်မာစာပေဖွံ့ဖြိုးမှုအတွက်အထောက်အကူဖြစ်စေရန်၊ ပြည်သူများဗဟုသုတဖြစ်စေရန်နှင့် စာဖတ်သည့် အလေ့အကျင့်များ တိုးပွားစေရန်ရည်ရွယ်၍ ယခင်အဆောက်အအုံအား ပြန်လည် ပြုပြင်မွမ်းမံ၍ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်အဖြစ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## လေဖိအားနည်းရပ်ဝန်း၏ အရှိန်နှင့် မုတ်သုံလေဆက်လက်အားကောင်းနိုင်ခြင်းကြောင့် နေရာကွက်၍ မိုးကြီးမည်

**နေပြည်တော် ဇူလိုင် ၁၉**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အားကောင်းသောအပူပိုင်းမုန်တိုင်း "ဝီဖာ"(WIPHA) သည် အနောက်ဘက်သို့ ရွေ့လျားနိုင်ပြီး တရုတ်နိုင်ငံတောင်ပိုင်းကမ်းခြေဒေသများမှ တစ်ဆင့် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းဒေသများသို့ ဆက်လက်ဖြတ်ကျော်နိုင်ကာ မုန်တိုင်း၏အကြွင်းအကျန်တိမ်တိုက်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဇူလိုင် ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ ဆက်လက်အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း ဇူလိုင် ၂၁ ရက်မှ ၂၆ ရက်အတွင်း စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင် ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

### အကြံပြုချက်

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

**၂၀-၇-၂၀၂၅ ရက်နေ့မှ ၂၂-၇-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ**




**၂၃-၇-၂၀၂၅ ရက်နေ့မှ ၂၆-၇-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ**




## ဧရာဝတီမြစ်နှင့် စစ်တောင်းမြစ် မြစ်ကမ်းအနီး မြေနိမ့်ပိုင်းနေထိုင်သူများ ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်

**နေပြည်တော် ဇူလိုင် ၁၉**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ စင်တီမီတာ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်နေပြီး နောက် တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ တောင်ငူမြို့နယ်၊ ဆိပ်သာမြို့နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာ နေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်သည်။

**မိုး/ဇလ**

# အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ရန်ကုန်မြို့တော်ခန်းမ၌ ဆွမ်းဆက်ကပ်ပြီး အလှူဒါနပြု အမျှပေးဝေ

ရန်ကုန် ဇူလိုင် ၁၉

၂၀၂၅ခုနှစ် (၇၈)နှစ်မြောက် အာဇာနည်နေ့တွင် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ဆွမ်းဆက်ကပ်ခြင်း၊ အလှူဒါနပြုအမျှပေးဝေခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ (၇၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ ဩဝါဒ်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ်အစရှိသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံမှ အနုမောဒနာတရားနာယူကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

သတင်းစဉ်



# နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ (၇၈) နှစ်မြောက်အာဇာနည်နေ့တွင် ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကျင်းပ



နေပြည်တော် ဇူလိုင် ၁၉

(၇၈)နှစ်မြောက် အာဇာနည်နေ့ ဆွမ်းဆက်ကပ် လှူဒါန်းခြင်း အခမ်းအနားကို နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိ မဟာထေရ်မြတ်ထံမှ ဩဝါဒ်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက်နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပုဗ္ဗသီရိမြို့နယ် အောင်စည်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိစက္ခဏ မထေရ်မြတ်ထံမှ သံဝေဂကထာတရား နာကြားပြီး အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ရေစက်သွန်းလောင်း အမျှပေးဝေကြကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။

သတင်းစဉ်

# (၇၈)နှစ်မြောက် အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချလွှင့်ထူ၍ အလေးပြုခြင်းအခမ်းအနား ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

(၇၈)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ် နိုင်ငံတော်အလံအား တိုင်ဝက်လျှော့ချလွှင့်ထူ၍ အလေးပြုခြင်း အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့ရာ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)၌ ကျင်းပသည်။

**နှစ်မိနစ်ငြိမ်သက်စွာဂါရဝပြု**

အခမ်းအနားသို့ (၇၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်များမှ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဂုဏ်ပြုတပ်ဖွဲ့တို့ တက်ရောက်ကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကာ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံအား တိုင်ဝက်သို့ လျှော့ချလွှင့်ထူ၍ နှစ်မိနစ်ငြိမ်သက်စွာ ဂါရဝပြုကြသည်။



**အခမဲ့အထူးဖွင့်လှစ်**

ယနေ့တွင် ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး) ရှိ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည့် အစည်းအဝေးခန်းမနှင့် ပါလီမန်အဆောက်အအုံတို့ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အများပြည်သူ လာရောက်လေ့လာနိုင်ရန် တစ်ရက်တာ အခမဲ့အထူးဖွင့်လှစ်ပြသခဲ့သည်။

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အစည်းအဝေးခန်းမအတွင်း အာဇာနည်ခေါင်းဆောင်ကြီးများကျန်ရှိခဲ့သည့် ပစ္စည်း ၂၈ မျိုး၊ အဆောက်အအုံသမိုင်းကြောင်း၊ သက်တမ်းရာကျော်ရှိသည့် ပါလီမန် အဆောက်အအုံနှင့် အဆောက်အအုံအတွင်း သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားမှုကို လာရောက်ကြည့်ရှုလေ့လာကြသည့် အများပြည်သူနှင့် ကျောင်းသား ကျောင်းသူများ ယမန်နှစ်ကထက်များပြားခဲ့ပြီး ညဏ်စမ်းပဟေဠိ မေးခွန်းများ ဖြေဆိုမှုမှ အမှတ်တရလက်ဆောင်များ ပေးအပ်သည့် အထူးအစီအစဉ်တွင်လည်း စိတ်ဝင်တစား ပါဝင်ဖြေဆိုကြသူများ များပြားခဲ့သည်။

သတင်းစဉ်

# အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုလေ့လာသည့် ရဟန်းရှင်လူပြည်သူများ၊ ကျောင်းသား ကျောင်းသူများဖြင့် အထူးစည်ကား

**ရန်ကုန် ဇူလိုင် ၁၉**

၂၀၂၅ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်သည့် (၇၈)နှစ်မြောက်အာဇာနည်နေ့တွင်ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်း(ယခင်တာဝါလိန်းလမ်း)ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ရဟန်းရှင်လူ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ စိတ်ဝင်တစား လာရောက်ကြည့်ရှုလေ့လာကြသည်။



ဗိုလ်ချုပ်အောင်ဆန်းအနားယူစာကြည့်ဆောင်တွင် လေတပ်ဆိုင်ရာအင်္ဂလိပ်ဘာသာစာပေဖတ်ရှုနေသော ဗိုလ်ချုပ်ရုပ်တုကို ကျောင်းသား ကျောင်းသူများ စိတ်ဝင်တစားလေ့လာကြည့်ရှုကြစဉ်။

မြန်မာ့လွတ်လပ်ရေး ဖခင် ဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့သော နေအိမ်ပြတိုက်၌ အာဇာနည်နေ့ နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ အထူးပြပွဲ အပါအဝင် ပြခန်းများကို ခင်းကျင်းပြသထားပြီး တနင်္လာနေ့နှင့် အများပြည်သူရုံးပိတ်ရက်တို့မှ အပ ကျန်နေ့ရက်တို့တွင် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပြသလျက်ရှိသည်။

**ခင်းကျင်းပြသထား**

ယခုနှစ် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင်အများပြည်သူတို့အား ပြကွက်သုံးမျိုးဖြင့် ခင်းကျင်းပြသခဲ့ရာ ပြကွက်တစ်အဖြစ် ပြတိုက်၏အတက်လမ်း၌ နတ်မောက်မြို့တွင်ရှိသည့် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်၊ ရန်ကုန်မြို့တွင်ရှိသည့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၊ ဗိုလ်ချုပ်၏ ကျောင်းသားဘဝ၊ နိုင်ငံရေးသမားဘဝ၊ တပ်မတော်ခေါင်းဆောင်ဘဝ၊ နိုင်ငံ့ခေါင်းဆောင်ဘဝ၊ မိသားစုဘဝ၊ ဈာပနအခမ်းအနား၊ ဗိုလ်ချုပ်ကျဆုံးခဲ့သည့် အတွင်းဝန်များရုံး၊ ဗိုလ်ချုပ်ကျဆုံးချိန်တွင် ကျန်ရှိခဲ့သောပစ္စည်းများ၊ ဗိုလ်ချုပ်အောင်ဆန်းပုံပါ ငွေစက္ကူနှင့် အကြွေစေ့များ၊ တံဆိပ်ခေါင်းများနှင့် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပစ္စည်းများ စသည့် သမိုင်းအချက်အလက်ဆိုင်ရာ ပြကွက်ပေါင်း ၃၀ ကို All in one board များဖြင့် ပြသထားသည်။

ပြကွက်နှစ်အဖြစ် ပြတိုက်အထွက်လမ်း၌ မြန်မာပြည်မြေပုံနှင့် အာဇာနည် ကိုးဦးပုံ၊ ဗိုလ်ချုပ်အောင်ဆန်း၏ မှတ်တမ်းဓာတ်ပုံများ၊ မေယုစစ်သဘော်ာ မှတ်တမ်းဓာတ်ပုံများ၊ ရဲဘော်သုံးကျိပ်အဖွဲ့ဝင်များ သွေးသစ္စာဆိုခဲ့သည့် မှတ်တမ်းဓာတ်ပုံများ၊ ဗိုလ်ချုပ်နေအိမ် ထမင်းစားခန်းတွင် အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းပုံများ၊ ဗိုလ်ချုပ်အိပ်ခန်းအတွင်းမှ ခရီးဆောင်သားရေသေတ္တာနှင့် ဗိုလ်ချုပ်ဝတ်ဆင်ခဲ့သော အဝတ်အစားမှတ်တမ်းဓာတ်ပုံများ၊ ကလေးများအခန်း ဘီရိုအတွင်းရှိ အောင်ဆန်းလင်း ဝတ်ဆင်ခဲ့သည့် အဝတ်အစား မှတ်တမ်းဓာတ်ပုံများ စသည်တို့ကို Permanent Board ပေါ်၌ UV Sticker Vinyl များဖြင့် ပြသထားသည်။

ပြကွက်သုံးအဖြစ် IT နည်းပညာများဖြစ်သည့် Holographic နည်းပညာနှင့် ဖန်တီးပြသထားသော သမိုင်းဝင် မြန်မာ့ရေတပ် မေယုစစ်သဘော်ာ၏ မှတ်တမ်းဓာတ်ပုံများ၊ ဗိုလ်ချုပ်၏ ဈာပနအခမ်းအနား၊ ဝန်ကြီးများရုံးအတွင်းရှိ ဗိုလ်ချုပ်တို့ နောက်ဆုံးပြုလုပ်ခဲ့သော အစည်းအဝေးခန်းမ မှတ်တမ်းပြကွက်များ၊ ဗိုလ်ချုပ် ဝတ်ဆင်ခဲ့သည့် ကုတ်အင်္ကျီကို အဘက်ဘက်မှ ကြည့်ရှုလေ့လာနိုင်သောပြကွက်၊ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်၏ ဘီရိုများအတွင်းရှိ ပစ္စည်းများကို Offline Web Page ဖြင့် ပြသထားသော ပြကွက်နှင့် လူငယ်များအတွက် ဉာဏ်စမ်းပဟေဠိကဏ္ဍတို့ကို Touch Screen များနှင့် ပြသသည့် ပြကွက်များဖြင့် ဖန်တီးပြသထားသည်။

**လာရောက်လေ့လာ**

"(၇၈)နှစ်မြောက် အာဇာနည်နေ့မှာ အများပြည်သူ အမြဲအမှတ်တရရှိစေဖို့နဲ့ အသိပညာ ဗဟုသုတရရှိကြစေဖို့ ရည်ရွယ်ပြီး ပြတိုက်ပိုင်းဆိုင်ရာပြကွက်များကို ခင်းကျင်း ပြသထားပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို လာရောက်လေ့လာတဲ့ အခါမှာ ပုံမှန်အထူးပြပွဲမှာ ပြသလေ့ရှိတဲ့ ယာယီပြကွက်တွေနဲ့ ခေတ်မီနည်းစနစ်နဲ့ ပေါင်းစပ်ထားတဲ့ ပြကွက်တွေအပြင် ဒီနှစ်မှာ ထူးထူးခြားခြား တစ်နှစ်ပတ်လုံး လေ့လာကြည့်ရှုနိုင်အောင် Permanent Board ပေါ်မှာ UV Sticker Vinyl တွေနဲ့ အမြဲပြသသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် လာရောက်လေ့လာကြည့်ရှုသူတွေအတွက် အသိပညာဗဟုသုတများစွာ ရရှိစေမှာဖြစ်ပါတယ်"ဟု အမျိုးသားပြတိုက်(ရန်ကုန်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိလေးက ပြောသည်။

ပြတိုက် မြေညီထပ်တွင် ဗိုလ်ချုပ် ထမင်းစားခန်းနှင့် ဧည့်ခန်း၊ ပြတိုက်အပေါ်ထပ်ရှိ ဗိုလ်ချုပ်တို့ ဇနီးမောင်နှံအိပ်ခန်း၌ ခုတင်၊ မှန်တင်ခုံ၊ သစ်သားဘီရို၊ ဗိုလ်ချုပ်၏အသုံးအဆောင်ပစ္စည်းများ၊ ဗိုလ်ချုပ်အိပ်ခန်းနံရံတွင် ဗိုလ်ချုပ်ပုံတူပိုးပန်းချီ၊ ဇနီးမောင်နှံပုံ၊ ဘေးတစ်ဖက်၌ စာဖတ်ခန်းတို့ကိုပြသထားပြီး ကလေးများအိပ်ခန်း၌ ခုတင်သုံးလုံး၊ အဝတ်ထည့်ဘီရိုနှင့် မှန်တင်ခုံတို့ကို ပြသထားသည်။ ထိုအခန်းခေါင်းရင်း၌ ကြောင်လိမ်လှေခါးဖြင့် တက်ရသည့် တတိယထပ်တာဝါရှိ ဘုရားခန်းအတွင်း ဗိုလ်ချုပ်မိသားစု ပူဇော်ခဲ့သည့် ဒက္ခိဏာသာခါ ဆင်းတုတော်နှင့် ကျောင်းဆောင်ပုံတော်၊ ဗိုလ်ချုပ်ဝတ်ဆင်ခဲ့သည့် အဝတ်အစားများနှင့် ခရီးဆောင်သားရေအိတ်တို့ကို ပြသထားသည်။

ဗိုလ်ချုပ်၏ သားသမီးများ အိပ်ခန်းအနီးတွင်ရှိသည့် အထူးအစည်းအဝေးခန်း၌ ဆက်တီတစ်စုံနှင့် နံရံတွင် ဗိုလ်ချုပ်မိန့်ခွန်းများ ကောက်နုတ်ချက်တို့ကို မြန်မာ/ အင်္ဂလိပ် နှစ်ဘာသာဖြင့် ပြသထားပြီး ကလေးအိပ်ခန်းအနောက်ဘက် တံခါးရှိ ပြတိုက်စကြံလမ်းမှ ပြတိုက်အောက်သို့ကွေ့၍ ပြန်ဆင်းပါက ရေကန်အနီး၌ စိုက်ခင်းပြကွက်တွင် သီးပင်စားပင်စိုက်ပျိုးနေသည့် ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်တုပုံကို ပြသထားသည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)၏ အထွက်လမ်းရှိ နည်းပညာပြကွက် (Digital Exhibition)တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်သည့် မေးခွန်းပေါင်း ၂၀ ကို ဖြေဆိုခြင်းဖြင့် အမှတ်တရလက်ဆောင်ခြောက်မျိုးကို ချီးမြှင့်ပေးလျက်ရှိရာ ကျောင်းသား ကျောင်းသူများ စိတ်ဝင်တစား ပါဝင်ဖြေကြားကြသည်။

ယနေ့ (၇၈)နှစ်မြောက် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)အား ပြတိုက်အတွင်း ခင်းကျင်းပြသမှုအပြင် နည်းပညာပြကွက်နှင့် ဉာဏ်စမ်းပဟေဠိ အစီအစဉ်တို့ဖြင့် ကြည့်ရှုလေ့လာသူများအတွက် စုံလင်စွာ ဆောင်ရွက်ထားသည့်အတွက် ရဟန်းရှင်လူပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ စိတ်ဝင်တစား လာရောက်လေ့လာကြသည်။ **သတင်းစဉ်**



ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)အတက်လမ်းတွင် ဗိုလ်ချုပ်၏သမိုင်းအချက်အလက်ဆိုင်ရာ ပြကွက် ၃၀ ကို ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာကြစဉ်။



ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)အတွင်း၌ ပြတိုက်မှ တာဝန်ရှိသူတစ်ဦးက ကျောင်းသား ကျောင်းသူများ အား ဗိုလ်ချုပ်၏ လွတ်လပ်ရေးကြိုးပမ်းခဲ့မှုကို ရှင်းလင်းပြောကြားစဉ်။

# “မြန်မာ့တန်ဖိုး… မြန်မာ့အနာဂတ်”
# (Myanmar’s Value – Myanmar’s Future)



မောင်မိုး

စောင့်ရှောက်ခဲ့သော သမိုင်းမှတ်တမ်းကောင်းများသည် ယနေ့ထက်တိုင် မော်ကွန်းတင်ထားဆဲဖြစ်သည်။ မြန်မာ့သမိုင်း၏ တန်ဖိုးသည် အတိတ်ကို မှတ်တမ်းတင်ရုံသာမက သင်ခန်းစာယူ၍ အနာဂတ်ကို ပုံဖော်ဖန်တီးရန်ဖြစ်သည်။ သင်ခန်းစာယူရန် အခြေခံဖြစ်သည်။ ကျွန်ုပ်တို့၏ မျိုးဆက်သစ်များအနေဖြင့် ဤသမိုင်းအမွေကို ထိန်းသိမ်းကာကွယ်ပြီး ငြိမ်းချမ်းသော၊ ဖွံ့ဖြိုးသောနိုင်ငံတစ်ခုအဖြစ် ဆက်လက်တည်ဆောက်ရန် တာဝန်ရှိသည်။

**“သနပ်ခါး၏ အေးမြသင်းပျံ့သော မွှေးရနံ့မှသည်**
**ဆယ့်နှစ်ရာသီပန်းများ၏ ရောင်စုံဝင့်လွင်သော ပွင့်ချပ်များအထိ…**
**ဧရာဝတီ၏ ငြိမ်းချမ်းသော စီးဆင်းမှုမှသည်**
**စိမ်းလန်းသော ရိုးမတောင်တန်းများအထိ…**
**မြန်မာတို့၏ အင်အားသည် မြန်မာ့အမွေအနှစ်များ၊**
**မြန်မာ့တန်ဖိုးများတွင် နက်ရှိုင်းစွာ အမြစ်တွယ်နေပါသည်…”**

မြန်မာနိုင်ငံသည် ခိုင်မာသောသမိုင်းကြောင်း၊ ကြွယ်ဝသော ယဉ်ကျေးမှုအစဉ်အလာများဖြင့် ပြည့်နှက်နေသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ရွှေတိဂုံစေတီတော်၏ ကြီးမြတ်သော သာသနာ့ရွှေရောင်ထွန်းပြောင်မှုမှသည် ဧရာဝတီမြစ်၏ အေးချမ်းသာယာသော စီးဆင်းမှုအထိ မြန်မာနိုင်ငံ၏ ကိုယ်ပိုင်လက္ခဏာကို ရာစုနှစ်ပေါင်းများစွာ တည်ရှိခဲ့သည့် ရိုးရာဓလေ့များ၊ တိုင်းရင်းသားလူမျိုးများ၏ ကြံ့ခိုင်မှုများဖြင့် စုစည်းပုံဖော်ထားသည်။ စင်စစ်အားဖြင့် မြန်မာနိုင်ငံ၏ ကိုယ်ပိုင်လက္ခဏာသည် နိုင်ငံ၏ အမည်အတွင်း၌ပင် အထင်အရှားပေါ်လွင်နေသည်။ “မြန်မာ” ဟူသော စကားလုံးသည် ကျွန်ုပ်တို့လူမျိုး၏ သန်မာမှုနှင့် လျင်မြန်မှုကို ရောင်ပြန်ဟပ်စေပါသည်။ “မြန်” (Swift) သည် လျင်မြန်မှုနှင့် လိုက်လျောညီထွေဖြစ်မှုကို ကိုယ်စားပြုပြီး “မာ” (Resilience)သည် သန်မာမှုနှင့် ခံနိုင်ရည်ရှိမှုကို ကိုယ်စားပြုသည်။ ဤပေါင်းစပ်မှုသည် ကျွန်ုပ်တို့နိုင်ငံ၏ ကြံ့ကြံ့ခံနိုင်သော စိတ်ဓာတ်ကို ပေါ်လွင်စေသည်။

မြန်မာ့သနပ်ခါးသည် အသားအရေ လှပတင့်တယ်စေသည့် အလှကုန်ပစ္စည်းတစ်ခုထက် ပိုပါသည်။ ၎င်းသည် သန့်ရှင်းစင်ကြယ်မှု၊ နေရောင်ခြည်ဒဏ်ကို ကာကွယ်နိုင်မှုနှင့် မျိုးဆက်တစ်ခုပြီးတစ်ခု လက်ဆင့်ကမ်းလာသော ရိုးရာဓလေ့ကို ကိုယ်စားပြုသည်။ ထိုကဲ့သို့ပင် မြန်မာတို့၏ ယဉ်ကျေးမှုမြင့်မားခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့် ကြံ့ကြံ့ခံနိုင်ခြင်းတို့သည် မြန်မာ့တန်ဖိုးများဖြစ်ပြီး ထိုတန်ဖိုးများကို မျိုးဆက်တစ်ခုပြီးတစ်ခု လက်ဆင့်ကမ်း၍ စွမ်းအားအဖြစ် စုစည်းပွေ့ပိုက်ကာ ခေတ်အဆက်ဆက် စိန်ခေါ်မှုများကို လျင်မြန်စွာနှင့် သန်မာစွာ ရင်ဆိုင်ကျော်လွှားခဲ့ခြင်းသည် မြန်မာ့လမ်းစဉ်(Myanmar’s Way)များ အတိုင်းပင် ဖြစ်သည်။ မြန်မာ့နည်း မြန်မာ့ဟန် (Myanmar–Owned and Myanmar–Led) ဖြင့်ပင် မြန်မာနိုင်ငံသည် သမိုင်းတစ်လျှောက် ကြုံတွေ့ခဲ့ရသော ကိုလိုနီခေတ်၊ ထိုမှတစ်ဆင့် ပေါ်ပေါက်လာသော ရောင်စုံသူပုန်ခေတ်၊ ခေတ်အဆက်ဆက် ရှင်ကြီးဝမ်းနှင့် ရှင်ငယ်ဝမ်း အသီးသီးတွင် ဖြတ်သန်းရင်း နိုင်ငံရေးပဋိပက္ခအဖုံဖုံတို့ကို ကျော်လွှားနိုင်ခဲ့ကာ မုန်တိုင်းအပြီး ထွက်ပေါ်လာသည့် ရောင်စုံသက်တံပမာ တစ်ဖန်ထွန်းလင်းတောက်ပခဲ့သည့် သာဓကသမိုင်းများ ရှိခဲ့ပြီးဖြစ်ပါသည်။

## သမိုင်းကြောင်းတန်ဖိုး

မြန်မာနိုင်ငံသည် ရှေးကျသော ယဉ်ကျေးမှု၊ ထူးခြားသည့် သမိုင်းအမွေအနှစ်နှင့် လှပသောသဘာဝတရားတို့ဖြင့် ကမ္ဘာ့သမိုင်းတွင် အထူးခြားဆုံးနေရာတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ ကျွန်ုပ်တို့၏ မြေသည် ပုဂံခေတ်မှ စတင်၍ ကိုလိုနီခေတ်၊ လွတ်လပ်ရေး ကြိုးပမ်းမှုနှင့် ယနေ့ခေတ်အထိ ရှည်လျားသော သမိုင်းကြောင်းများကို ပိုင်ဆိုင်ထားပြီး ထိုအမွေအနှစ်များသည် မြန်မာလူမျိုးတို့၏ ဂုဏ်ရည်နှင့် စိတ်ဓာတ်ကို ထင်ဟပ်စေသည်။ နှစ်ပေါင်းထောင်ချီရှိသော သမိုင်းကြောင်းတွင် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ မြို့ပြခေတ် ယဉ်ကျေးမှုအဆင့်ဆင့် ထွန်းကားလာမှုကို ပုဂံပြည်ကြီးက သက်သေထူလျက်ရှိပါသည်။ **“တကောင်းအဘိရာဇာ၊ တို့မြန်မာ သာကီမျိုးဟာမို့”** ဟု စာဖွဲ့ခဲ့ရသော တကောင်းမှစ၍ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင် စသည့် ခေတ်စဉ်များတစ်လျှောက် မြန်မာတို့သည် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ခံ့ညားထည်ဝါစွာ နေထိုင်ခဲ့ကြသည်။ အစွန့်ရှည် တည်တံ့ခိုင်မြဲလာခဲ့သော မြန်မာ့သမိုင်းစဉ် တစ်လျှောက်တွင် နိုင်ငံတော်ကြီး တည်တံ့ခိုင်မာရေးအတွက် ဘိုးဘွားဘီဘင်များ သွေးနှင့်ရေးထိုးခဲ့သော သမိုင်းမှတ်တမ်းကောင်းများ၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အသက်၊ သွေး၊ ချွေးပေးဆပ်ပြီး ထိန်းသိမ်း

## ပထဝီဗဟိုချက် တန်ဖိုး

မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ အင်ဒိုချိုင်းနား ကျွန်းဆွယ်အား ပိုင်းခြားထားပြီး အရှေ့ဘက်တွင် အာဆီယံအပါအဝင် အာရှဒေသတစ်ခုလုံးနှင့် ပစိဖိတ်သမုဒ္ဒရာ၊ အနောက်ဘက်တွင် တောင်အာရှဒေသ အပါအဝင် အိန္ဒိယသမုဒ္ဒရာစသည့် သမုဒ္ဒရာနှစ်စင်းနှင့် ဒေသတစ်ခုကို ပိုင်းခြားထားပါသည်။ တစ်နည်းအားဖြင့် ၎င်း**ဒေသနှစ်ခုနှင့် သမုဒ္ဒရာနှစ်စင်းတို့အား ဆက်စပ်ပေးရာ Land Bridge တစ်ခုအဖြစ် တည်ရှိနေပါ**သည်။

စာမျက်နှာ ၁၃ သို့ ❋

**“မြန်မာတို့၏ယဉ်ကျေးမှုမြင့်မားခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့် ကြံ့ကြံ့ခံနိုင်ခြင်းတို့သည် မြန်မာ့တန်ဖိုးများဖြစ်ပြီး ထိုတန်ဖိုးများကို မျိုးဆက်တစ်ခုပြီးတစ်ခု လက်ဆင့်ကမ်း၍ စွမ်းအားအဖြစ် စုစည်းပွေ့ပိုက်ကာ ခေတ်အဆက်ဆက်စိန်ခေါ်မှုများကို လျင်မြန်စွာနှင့် သန်မာစွာရင်ဆိုင်ကျော်လွှားခဲ့ခြင်းသည် မြန်မာ့လမ်းစဉ် (Myanmar’s Way) များ အတိုင်းပင်ဖြစ်”**









❋ စာမျက်နှာ ၁၂ မှ

**မြန်မာ့ပင်လယ်ပြင်နှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယသမုဒ္ဒရာသည် အာရှတိုက်၊ အာဖရိကတိုက်နှင့် ဩစတြေးလျတိုက်တို့၏ ဆက်သွယ်ရာဗဟိုတွင် တည်ရှိပြီး ကမ္ဘာ့ကုန်သွယ်ရေးနှင့် စီးပွားရေးအရ အချက်အချာကျသည်သာမက ပထဝီနိုင်ငံရေး (Geopolitics) နှင့် ပထဝီစီးပွားရေး (Geoeconomics) အရ အလွန်အရေးပါသော နေရာတစ်ခုဖြစ်ပါသည်။**

တောင်အာရှနှင့် အရှေ့တောင်အာရှအကြား ဆုံမှတ်တွင် တည်ရှိသော မြန်မာနိုင်ငံသည် ကုန်သွယ်ရေး၊ သံတမန်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေးတို့၏ ဗဟိုချက်ဖြစ်ခဲ့ပြီး မြန်မာတို့၏ ပထဝီနိုင်ငံရေး တန်ဖိုးတစ်ခုလည်း ဖြစ်ပါသည်။ ဘုရားစေတီပုထိုးများစွာ တည်ရှိသော ရှေးဟောင်းမြို့တော် ပုဂံသည် တစ်ချိန်က အိန္ဒိယ၊ တရုတ်နှင့် အရှေ့တောင်အာရှကြား သမိုင်းနှင့် ယဉ်ကျေးမှုတံတားအဖြစ်တည်ရှိခဲ့ပြီး ဒေသတစ်ဝန်းမှ ပညာရှင်များနှင့် ကုန်သည်များကို ဆွဲဆောင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ **အာရှတိုက်အရှေ့တောင်ပိုင်းရှိ အင်ဒိုချိုင်းနားကျွန်းဆွယ်ကြီး၏ အနောက်ပိုင်းတွင် မဟာဗျူဟာကျကျ တည်ရှိနေခြင်းနှင့်အတူ နိုင်ငံအတွင်း သဘာဝသယံဇာတများ ပေါကြွယ်ဝမှုများ၊ ကမ်းရိုးတန်းတည်ရှိမှုအနေအထား၊ သဘာဝနှင့် ဖန်တီးဆိပ်ကမ်းများ ရရှိနိုင်မှုအနေအထား၊ မြစ်ချောင်းများ၏ တည်ရှိမှုအနေအထား၊ မြေဆီဩဇာပြည့်ဝမှု၊ အဓိက ကုန်သွယ်ရေးကြောင်း ဆက်သွယ်ရေးလမ်းကြောင်းများနှင့် နီးကပ်မှု၊ သမုဒ္ဒရာများအတွင်းသို့ အလွယ်တကူဝင်ရောက်နိုင်သည့် ပင်လယ်ပြင်ထွက်ပေါက်ရှိခြင်း စသည့် ရေကြောင်းဆိုင်ရာ အနေအထားများသည် မြန်မာ့ပထဝီတန်ဖိုးများ ဖြစ်ပါသည်။** ၎င်းပထဝီဗဟိုချက်တန်ဖိုးများကို မြန်မာနိုင်ငံသားအားလုံး အစဉ်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ပြီး မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွက် ထိရောက်စွာ အသုံးချဖန်တီး အကောင်အထည်ဖော်ရန် လိုအပ်မည်ဖြစ်ပါသည်။

## စီးပွားရေးတန်ဖိုး

စီးပွားရေးသည်လည်း မြန်မာတို့၏ အဓိကတန်ဖိုးတစ်ခုဖြစ်ခဲ့သည်။ မြန်မာနိုင်ငံသည် တစ်ချိန်က ကမ္ဘာ့ဆန်အများဆုံးတင်ပို့သည့် နိုင်ငံတစ်နိုင်ငံ **"အာရှတိုက်၏ ဆန်အိုး"** အဖြစ် လူသိများခဲ့သည်။ ပုဂံခေတ် (အေဒီ ၉၄၉-၁၂၉၇) တွင် ငွေကြေးစနစ်ကို ငွေဒင်္ဂါး၊ ငွေခဲများဖြင့် အသုံးပြုခဲ့ပြီး အိန္ဒိယ၊ တရုတ်နှင့် အရှေ့တောင်အာရှနိုင်ငံများနှင့် ကုန်သွယ်မှုပြုခဲ့သည်။ အင်းဝ၊ ဟံသာဝတီ၊ ကုန်းဘောင်ခေတ်များ (၁၄-၁၉ ရာစု)တွင် ဆား၊ ကျွန်းသစ်၊ သစ်မာတို့သည် အရေးပါသော ကုန်သွယ်မှုပစ္စည်းများဖြစ်ခဲ့ပြီး ဥရောပ (ပေါ်တူဂီ၊ ဒတ်ချ်)၊ အိန္ဒိယ၊ တရုတ်တို့နှင့် ကုန်သွယ်မှုများ တိုးတက်ခဲ့သည်။ ကျောက်စိမ်းနှင့် ပတ္တမြားမှသည် ရေနံနှင့် သဘာဝဓာတ်ငွေ့အထိ မြန်မာ့သယံဇာတကြွယ်ဝမှုသည် မြန်မာနိုင်ငံကို အာရှတွင် ကြွယ်ဝသော နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုခြင်း ခံခဲ့ရသည်။ သို့ဖြစ်ရာ ယနေ့ မြန်မာ့စီးပွားရေး တန်ဖိုးများ ပြန်လည်မြှင့်တင်နိုင်ရေးတွင် GDP တိုးတက်ရေး၊ ထုတ်ကုန်တိုးမြှင့်ရေး၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ MSME လုပ်ငန်းများ၊ စိုက်ပျိုးရေးကဏ္ဍ တိုးမြှင့်ရေးနှင့် ခရီးသွားကဏ္ဍတိုးမြှင့်ရေး များအား အရှိန်အဟုန်ဖြင့် အဆင့်လိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

## ဘာသာ၊ သာသနာ ယဉ်ကျေးမှုတန်ဖိုး

မြန်မာနိုင်ငံသည် ဘာသာ၊ သာသနာ ယဉ်ကျေးမှုအစဉ်အလာများ နှစ်ပေါင်းထောင်ချီ ထွန်းကားတည်ရှိခဲ့သောနိုင်ငံဖြစ်သည်။ မြန်မာတို့၏ လူ့ဘောင်လောကနယ်ပယ်တွင် ဘာသာတရားနှင့် ယဉ်ကျေးမှုအစဉ်အလာများကို အစဉ်အဆက် ထိန်းသိမ်းရှင်သန် ရပ်တည်နေထိုင်ခဲ့ကြပေသည်။ မြန်မာ့ယဉ်ကျေးမှုသည် ဗုဒ္ဓဘာသာ၏ အဆုံးအမများပေါ်တွင် အခြေခံပြီး ကရုဏာ၊ မေတ္တာ၊ စေတနာ၊ သဒ္ဓါတရားတို့ဖြင့် လူမှုအသိုင်းအဝိုင်းကို စည်းလုံးညီညွတ်စေသည်။ ရိုးရာပွဲတော်များ၊ ဘာသာရေးအခမ်းအနားများတွင် ပြည်သူများ စုပေါင်းပါဝင်ခြင်းသည် ဤစည်းလုံးမှုကို ထင်ဟပ်စေသည်။ မြန်မာလူမျိုးတို့၏ ရိုးသားမှု၊ သစ္စာရှိမှု၊ ကျေးဇူးသိတတ်မှုတို့သည် ဗုဒ္ဓဘာသာ၏သီလနှင့် ဝါရိတ္တသမာဓိများမှ ပေါက်ဖွားလာသည်။ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်သည့် ကမ္ဘာ့ထိပ်တန်းနိုင်ငံဖြစ်သကဲ့သို့ ဘာသာမျိုးစုံ လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိသော နိုင်ငံလည်းဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်များသည် မိမိဘာသာကို တန်ဖိုးထားမြတ်နိုးကြသလို သူတစ်ပါးဘာသာကိုလည်း လေးစား တန်ဖိုးထားသူများ ဖြစ်သည်။ သို့ဖြစ်၍လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် နိုင်ငံရေးအရ လွတ်လပ်ခွင့်နှင့် ဘာသာရေးအရ လွတ်လပ်ခွင့်များကို ထည့်သွင်းပြဋ္ဌာန်းထားရှိခြင်းဖြစ်သည်။

ဟန်လင်းမြို့ဟောင်း၊ ဗိဿနိုးမြို့ဟောင်း၊ သရေခေတ္တရာမြို့ဟောင်းနှင့် ပုဂံရှေးဟောင်း ယဉ်ကျေးမှုဒေသများအား UNESCO ၏ ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် ထည့်သွင်းမှတ်တမ်းတင်ခြင်းကလည်း မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ကမ္ဘာက အသိအမှတ်ပြုလိုက်ခြင်းပင်ဖြစ်သည်။ ထို့အတူ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်သည် UNESCO ၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ဖြစ်ခဲ့ပြီး မြန်မာ့ရိုးရာသနပ်ခါးသည်လည်း မကြာခင် အချိန်ကာလတစ်ခုတွင် UNESCO ၏ အမွေအနှစ်စာရင်းတွင်ပါဝင်လာနိုင်တော့မည်ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံမှာ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကို ပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်နှင့် ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန်ဆိုသည့် မွန်မြတ်သော ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းပင် ဖြစ်ပါသည်။

**ကမ္ဘာ့အလယ်တွင် မိမိတို့၏ကိုယ်ပိုင်သမိုင်းယဉ်ကျေးမှုများဖြင့် နှစ်ပေါင်းထောင်ချီ ခိုင်မာစွာတည်ရှိလာခြင်းနှင့်အတူ အနာဂတ်တွင်လည်း မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များ မြှင့်တင်ရေး၊ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်နေရာများ တိုးမြှင့်ရေးနှင့် မြန်မာ့ Identity (မြန်မာ့ဝိသေသ)များ မြှင့်တင်နိုင်ရေးသည် နိုင်ငံသားအားလုံး၏ အဓိကသမိုင်းပေးတာဝန်တစ်ခုပင်ဖြစ်ပါသည်။** မြန်မာတို့၏ ဘာသာ၊ သာသနာယဉ်ကျေးမှုအစဉ်အလာသည် လူမှုအသိုက်အဝန်း စည်းလုံးညီညွတ်မှု၊ အနုပညာဖွံ့ဖြိုးမှု၊ ကိုယ်ကျင့်တရားမြင့်မားမှုနှင့် သမိုင်းအမွေအနှစ်တို့ကို ပေါင်းစပ်ထားသော မြန်မာ့အသက်သွေးကြောပင် ဖြစ်သည်။ ဤတန်ဖိုးများကို ထိန်းသိမ်းခြင်းဖြင့် မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် နှစ်ပေါင်းထောင်ချီသော ယဉ်ကျေးမှုတို့ အခြေတည်လာသည့် သမိုင်းကြောင်းကို ထင်ဟပ်ပြသနေမည်ဖြစ်ပါသည်။

စာမျက်နှာ ၁၄ သို့ ❋

**❝ စီးပွားရေးသည်လည်း မြန်မာတို့၏ အဓိကတန်ဖိုးတစ်ခု ဖြစ်ခဲ့သည်။ မြန်မာနိုင်ငံသည် တစ်ချိန်က ကမ္ဘာ့ဆန်အများဆုံးတင်ပို့သည့် နိုင်ငံတစ်နိုင်ငံ "အာရှတိုက်၏ ဆန်အိုး" အဖြစ် လူသိများခဲ့သည်။ ကျောက်စိမ်းနှင့် ပတ္တမြားမှသည် ရေနံနှင့် သဘာဝဓာတ်ငွေ့အထိ မြန်မာ့သယံဇာတကြွယ်ဝမှုသည် မြန်မာနိုင်ငံကို အာရှတွင် ကြွယ်ဝသောနိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။ သို့ဖြစ်ရာ ယနေ့ မြန်မာ့စီးပွားရေးတန်ဖိုးများ ပြန်လည်မြှင့်တင်နိုင်ရေးတွင် GDP တိုးတက်ရေး၊ ထုတ်ကုန်တိုးမြှင့်ရေး၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ MSME လုပ်ငန်းများ၊ စိုက်ပျိုးရေးကဏ္ဍတိုးမြှင့်ရေးနှင့် ခရီးသွားကဏ္ဍတိုးမြှင့်ရေးများအား အရှိန်အဟုန်ဖြင့် အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည် ❞**



# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် DPLA အဖွဲ့ဝင် ၁၂ ဦး လက်နက်/ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

**နေပြည်တော် ဇူလိုင် ၁၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာအားရကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိရာ ဇူလိုင် ၁၇ ရက်တွင် TNLA ၊ DPLA နှင့် MDY-PDF အဖွဲ့ဝင် စုစုပေါင်း ၁၄ ဦး၊ ဇူလိုင် ၁၈ ရက်တွင် DPLA နှင့် MDY-PDF အဖွဲ့ဝင် ၁၅ ဦး ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရှိရသည်။





အလင်းဝင်ရောက်လာသူ တစ်ဦးကို တွေ့ရစဉ်။

ယနေ့တွင်လည်း DPLA အဖွဲ့မှ အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီးတစ်ဦး စုစုပေါင်း ၁၂ ဦး တို့သည် Type-81 အမျိုးအစား သေနတ် ၁၂ လက်၊ ၎င်းကျည် ၁၅၁၅ တောင့်၊ ကျည်အိမ် ၂၀ ခု၊ MA-1 အမျိုးအစား သေနတ်တစ်လက်တို့နှင့်အတူ ဥပဒေဘောင်အတွင်း ထပ်မံဝင်ရောက်လာခဲ့သည်။ အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ကနဦးပြောကြားချက်များအရ အများစုသည် ရိုးသားစွာ တောင်ယာလုပ်ငန်းလုပ်ကိုင်နေကြသူများဖြစ်ပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ အတင်းအဓမ္မခြိမ်းခြောက်ဖမ်းဆီး၍ လူသစ်စုဆောင်းခံရသူများဖြစ်ပြီး သီပေါမြို့၏ အနောက်ဘက် ၁၀ မိုင်ခန့်အကွာ မန်လွယ်ကျေးရွာအနီးတွင် သင်တန်းတက်ရောက်ခဲ့ပြီး သင်တန်းတက်ရောက်ပြီးသည့်အခါ နယ်မြေအလိုက် အခြေပြုလှုပ်ရှားသည့် ကျေးရွာများ၊ တောတွင်းစခန်းများတွင် အနေဆင်းရဲ၊ အစားဆင်းရဲဖြင့် လူ့အခွင့်အရေးများဆုံးရှုံးကာ နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကိုခံခဲ့ရပြီး အဓမ္မစေခိုင်းချက်အရ အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ရကြောင်း၊ ၎င်းတို့အဖွဲ့များအတွင်း၌ပင် အချင်းချင်းဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်ခံနိုင်ခြင်းမရှိတော့သည့်အတွက် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုသဖြင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်၍ ဥပဒေဘောင်အတွင်းဝင်ရောက်ရန်အတွက် နောင်ချိုမြို့နယ် ဆရာအေးကုန်းကျေးရွာ ထိုမှတစ်ဆင့် ကျောက်တောကျေးရွာ ၎င်းမှတစ်ဆင့် လယ်ကြီးတောကျေးရွာ၊ အင်းဝိုင်းကျေးရွာများသို့ အဆင့်ဆင့်ထွက်ခွာလာခဲ့ပြီး ညောင်ထောက်ကျေးရွာသို့ရောက်ရှိစဉ် အဆိုပါကျေးရွာအနီး လုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းထံသို့သတင်းပို့ကာ ယခုကဲ့သို့ ပြန်လည်ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများအား လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်တပ်နယ်၌ပြုလုပ်ရာ တပ်နယ်မှတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် DPLA အဖွဲ့ဝင်များက ၎င်းတို့နှင့် အတူယူဆောင်လာသည့် Type-81 အမျိုးအစား သေနတ် ၁၂ လက်၊ ၎င်းကျည် ၁၅၁၅ တောင့်၊ ကျည်အိမ် ၂၀ ခု၊ MA-1 အမျိုးအစား သေနတ်တစ်လက်တို့ကိုအပ်နှံရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး သေနတ် ၁၃ လက်အတွက် ဆုကြေးငွေကျပ်သိန်း ၆၅၀ နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံကြသည်။

ထိုသို့ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲအပ်ပေးလျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလင်းဝင်ရောက်လာသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

ကျွန်တော် DPLA ကို ရောက်ရှိလာရတဲ့ အဓိကအကြောင်းရင်းကတော့ သူတို့အဖွဲ့ကနေပြီးတော့ တစ်အိမ်တစ်ယောက် မဖြစ်မနေ မဝင်မနေရဆိုပြီး အတင်းအဓမ္မစုဆောင်းခံရလို့ ကျွန်တော်တို့ ရောက်ရှိလာရခြင်း ဖြစ်ပါတယ်။

စာမျက်နှာ ၁၅ သို့❖

❃ စာမျက်နှာ ၁၃ မှ

## လူမှုရေးတန်ဖိုး

မြန်မာ့ရိုးရာ "ထမင်းဝိုင်း" သည်လည်း အစားအစာထက်ပိုသည့် မိသားစု၏ စည်းလုံးမှု၊ ရိုးရာဓလေ့နှင့် လူမှုရေးတန်ဖိုးများ ဖော်ဆောင်သော ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သည်။ မြန်မာ့ထမင်းဝိုင်းတွင် မိသားစုဝင်အားလုံး စုဝေးပြီး တစ်ဝိုင်းတည်းထိုင်ကာ ထမင်း၊ ဟင်းများကိုအတူတကွမျှဝေစားသောက်ခြင်း၊ လူကြီး၊ လူငယ်၊ ကလေးအားလုံး အဆင့်အတန်း မခွဲခြားဘဲ တန်းတူညီမျှ ပါဝင်ခြင်းတို့ကို တွေ့မြင်နိုင်သည်။ ထမင်းဝိုင်းသည် စည်းလုံးမှု၏ သင်္ကေတဖြစ်သည်၊ မိသားစုအတွင်း ချစ်ခြင်းမေတ္တာ၊ ပြောဆိုဆက်ဆံမှုများကို မြှင့်တင်ပေးသည်။ ဧည့်သည်များကို ထမင်းဝိုင်းသို့ ဖိတ်ခေါ်ခြင်းဖြင့် ရိုးရာဓလေ့ ဧည့်ဝတ်ကျေပွန်မှုကို ပြသပါသည်။ မိသားစုအခြေပြု ကျေးလက်စည်းလုံးမှု၊ ရိုးရာဓလေ့နှင့် ဘာသာတရားအပေါ် လေးစားမှု၊ တန်းတူညီမျှမှု၊ ကရုဏာနှင့် ရိုးသားမှု၊ မေတ္တာ၊ ဒါန၊ သဘာဝနှင့် ဟန်ချက်ညီစွာ နေထိုင်မှုတို့သည် မြန်မာ့လူမှုရေးတန်ဖိုးများပင်ဖြစ်သည်။ ထို့အတူ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အလှူအတန်းနှင့် ပေးကမ်းစွန့်ကြဲမှု အထက်






သန်ဆုံးနိုင်ငံများတွင် ကမ္ဘာ့ထိပ်ဆုံးအဆင့်၌ ရပ်တည်လျက်ရှိခြင်းကို ကြည့်ခြင်းအားဖြင့် မြန်မာလူမျိုးတို့၏ စိတ်နေစိတ်ထားလူမှုဆက်ဆံရေး ဓလေ့တန်ဖိုးများကို တွေ့ရှိနိုင်မည်ဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံ၊ ပဋိပက္ခများ ပြည့်နှက်နေသည့် နိုင်ငံဟု မည်သို့ပင် သမုတ်စေကာမူ မြန်မာတို့၏ "အလှူရေစက်လက်နှင့်မကွာ" ဓလေ့ရိုးရာ တန်ဖိုးများသည် ကမ္ဘာပေါ်တွင် သဒ္ဓါတရားပြည့်ဝသော လူမျိုးများအဖြစ် နှံ့မနစ်သောပတ္တမြားကဲ့သို့ပင် တည်ရှိနေမည်ဖြစ်ပါသည်။

## ပြည်ထောင်စုစိတ်ဓာတ် တန်ဖိုး

**ပြည်ထောင်စုစိတ်ဓာတ် တန်ဖိုးသည် မြန်မာနိုင်ငံ၏ အသက်သွေးကြောနှင့် ဝိညာဉ်ပင်ဖြစ်သည်။ ယင်းသည် အတိတ်က ရဲရင့်သော စွန့်လွှတ်အနစ်နာခံမှုများ၊ ပစ္စုပ္ပန်၏ ကြီးမားသော စိန်ခေါ်မှုများအပေါ် ကျော်လွှားနိုင်မှုများနှင့် အနာဂတ်အတွက် လှပတင့်တယ်သော မျှော်လင့်ချက်များကို ကိုယ်စားပြုသည်။** ပြည်ထောင်စုဟူသည် နိုင်ငံတစ်ဝန်းလုံးရှိ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံတို့၏ ညီညွတ်မှု၊ စည်းလုံးမှု၊ ဂုဏ်သိက္ခာနှင့် တည်တံ့ခိုင်မြဲရေးအတွက် မရှိမဖြစ် အခြေခံအုတ်မြစ်ကြီး တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ မတူကွဲပြားသော တောတောင်ရေမြေ သဘာဝအနေအထားများနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား အသွေးအရောင်၊ ဓလေ့စရိုက်၊ ယဉ်ကျေးမှုများ ကွဲပြားကြသော်လည်း တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသော ပြည်ထောင်စုဖွား ညီအစ်ကိုမောင်နှမများပင်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်သည် ညီညွတ်ခြင်း၏ အင်အားကိုပြသပြီး တစ်သားတည်းရှိသော စိတ်၊ မိသားစုသဖွယ် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ရေရှည်အကျိုးစီးပွားကို တည်ဆောက်ခြင်းဖြစ်သည်။ ထိုသို့တည်ဆောက်ရာတွင် နိုင်ငံတော်အတွင်း ကြုံတွေ့ရင်ဆိုင်လာသည့် မည်သည့်အခက်အခဲများမဆို ပြည်ထောင်စုစိတ်ဓာတ်များဖြင့် ပူးပေါင်းဖြေရှင်းကျော်လွှားကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူခဲ့သည့် သမိုင်းကြောင်းမှသည် ယနေ့ နိုင်ငံတစ်ဝန်း ခိုင်မာသော ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် သဘာဝဘေးဒဏ်ကြီးများမှ ပြန်လည်ရုန်းထရေးအထိ ပြည်ထောင်စု စိတ်ဓာတ်ခွန်အားဖြင့် ချီတက်လျှောက်လှမ်းရန် လိုအပ်မည်ဖြစ်သည်။ ဤတန်ဖိုးကြီးကို ထိန်းသိမ်းရန်နှင့် အကောင်အထည်ဖော်ရန်မှာ အစိုးရတစ်ရပ်တည်း၏ တာဝန်သာမက၊ နိုင်ငံသားတိုင်း၊ လူမှုအဖွဲ့အစည်းတိုင်း၊ တိုင်းရင်းသားတိုင်း၏ တာဝန်ဝတ္တရားများ ဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

# ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း ပြင်ဦးလွင်မြို့ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၉**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ပြင်ဦးလွင် ရုံးခွဲသို့ သွားရောက်ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ ရုံးခွဲတာဝန်များ၏ လုပ်ငန်းဆောင်တာများကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေး၊ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရေး၊ နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးကို ရှေးရှု၍ နိုင်ငံ့ဝန်ထမ်းများ ပီသစွာဖြင့် တာဝန် ထမ်းဆောင်ကြရေး မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေနန်းထိုက်ဟိုတယ်၌ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ပြင်ဦးလွင်ဇုန်)မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဟိုတယ်နှင့် ခရီးသွား လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ပြင်ဦးလွင်မြို့၏ ခရီးသွားလုပ်ငန်းအား တစ်နှစ်ထက် တစ်နှစ် ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြ စေလိုပါကြောင်း၊ ပြင်ဦးလွင်မြို့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ရှေ့ဆက်ဆောင်ရွက်သင့်သောကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ပြင်ဦးလွင်ဇုန်)ဥက္ကဋ္ဌနှင့် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ အဖွဲ့ဝင်တို့က အသင်း၏ ဆောင်ရွက်နေမှု အခြေအနေများ၊ ပြင်ဦးလွင်သို့ ခရီးသွားဧည့်သည်ဝင်ရောက်မှု အခြေအနေများ၊ ခရီးစဉ်ဒေသများ ဖော်ထုတ်ထားရှိမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများက လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး ပြည်ထောင်စု ဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြင်ဦးလွင်မြို့အား ခရီးသွားမြို့တော်၊ အားကစားမြို့တော်၊ ပန်းမြို့တော်၊ ကျန်းမာရေးမြို့တော်၊ ကော်ဖီမြို့တော် ဖြစ်စေရေးအတွက် Sport Tourism၊ Golf Tourism၊ Festival Tourism တို့ကို အကောင်အထည်ဖော်၍ ခရီးသွားလုပ်ငန်းမှ တစ်ဆင့် ပူးပေါင်း ဆောင်ရွက်နိုင်ရေး ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံပိုင်ငှားရမ်းထားသည့် ဟိုတယ်များသို့ သွားရောက်ပြီး ဟိုတယ်အဆောက်အအုံများ၊ အခန်းများ မွမ်းမံပြင်ဆင်ထားရှိမှု အခြေအနေများ၊ ဝန်ဆောင်မှုပေးနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြင်ဦးလွင်မြို့၏ ခရီးသွားဆွဲဆောင်ရာနေရာတစ်ခုဖြစ်သော တရုတ်ဘုံကျောင်းသို့ သွားရောက်ကာ ခရီးသွားများ ဝန်ဆောင်မှုပေးနေမှု အခြေအနေများ၊ ခရီးသွားများ လည်ပတ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဇူလိုင် ၁၉**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညနေပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)သို့ သွားရောက်ပြီး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအား ပြန်လည်ပြုပြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် အဆောက်အအုံတွင် အသုံးပြုတပ်ဆင်မည့် မျက်နှာကြက်ဒီဇိုင်းများ၊ အရောင်များ ရွေးချယ်ထားရှိမှုများကို တင်ပြရာ လုပ်ငန်းများအပိုင်းလိုက် အမြန်ပြီးစီးအောင်ဆောင်ရွက်ရေး၊ ရေရှည်ခိုင်ခံ့မှုရှိအောင် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ ဆယ်တင်ပစ္စည်းများအား စနစ်တကျ ထားရှိအသုံးပြုရေးတို့ကို မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇမ္ဗူသီရိမြို့နယ် ပိတောက်အိမ်ရာသို့ သွားရောက်ပြီး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြန်လည်ပြုပြင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အပိုင်းလိုက်၊ အခန်းလိုက် အမြန်ပြီးစီးအောင်ဆောင်ရွက်ရေး၊ တာဝန်ရှိသူများက စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရေးနှင့် လုပ်သားအင်အားတိုးမြှင့်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့ သွားရောက်ပြီး ဌာနဆိုင်ရာများ၊ ပြည်သူလူထုများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေး၍ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မတည်ငွေများ ပေးအပ်သည်။

ထို့နောက် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး ပင်လောင်းလမ်းဆုံ အိုင်စောက်ကျေးရွာအကြား လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား Box Culvert များတွင် အမှိုက်များပိတ်ဆို့မှုမရှိစေရေး ရှင်းလင်းဆောင်ရွက်ထားရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဇေယျာသီရိမြို့နယ် မအူတောကျေးရွာအုပ်စု စိမ်းစားပင်ကျေးရွာသို့ သွားရောက်ပြီး တောင်သူများနှင့် တွေ့ဆုံ၍ တောင်သူများကိုယ်တိုင် သဘာဝမြေဩဇာကို ကိုယ်တိုင်ပြုလုပ်သုံးစွဲရေး၊ ကြွခင်းစနစ်ပပျောက်အောင် မျိုးစေ့ချကိရိယာနှင့် ကောက်စိုက်စက်များ အသုံးပြုစိုက်ပျိုးရေးတို့ကို မှာကြားကာ မျိုးစပါးများနှင့် မျိုးစေ့ချကိရိယာများကို တောင်သူများထံပေးအပ်ပြီး တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၁၄ မှ

ဒီအဖွဲ့ထဲ မဝင်လို့ရှိရင် မိသားစုတွေကို သတ်ဖြတ်မယ်။ ကျွန်တော်တို့ ဆွေမျိုးတွေကို ဒုက္ခပေးမယ်ဆိုပြီး ခြိမ်းခြောက်လို့ ဝင်ရောက်လာရတာ ဖြစ်ပါတယ်ခင်ဗျ။ ကျွန်တော်တို့အနေနဲ့ ပလောင်တွေရဲ့ လူမျိုးရေးခွဲခြားဆက်ဆံတာကိုလည်း ကြုံတွေ့ခဲ့ရတယ်ခင်ဗျ။ ဒီသင်တန်းအတွင်းမှာလည်း အစားအသောက်တွေ၊ အနေအထိုင်တွေလည်း ဆင်းဆင်းရဲရဲနဲ့ နေထိုင်စားသောက်ခဲ့ရတယ်။ ဒီသင်တန်းပြီးလို့ ရှေ့တန်းကို ပို့တဲ့အခါမှာလည်း ကျွန်တော်တို့ကို ရှေ့ကနေတိုက်ခိုင်းတယ်။ သူတို့က နောက်မှာပဲနေတယ်ဗျ။ ကျွန်တော်တို့က ဆုတ်ခွာလာခဲ့ရင်တောင် သူတို့က ပစ်သတ်မယ်လို့ ခြိမ်းခြောက်တယ်ဗျ။ လက်နက်အားမမျှလို့ ဆုတ်တဲ့အခါမှာလည်း တကယ်ပစ်သတ်ခဲ့တာတွေကို ကျွန်တော်တို့ မျက်မြင်ကြုံတွေ့ခဲ့ရတယ်။ တပ်မတော်ကနေပြီးတော့ အင်အားအလုံးအရင်းနဲ့ ထိုးလာတဲ့အခါမှာ စိတ်ဓာတ်အရမ်းကျတယ်။ အဲဒါကြောင့် ကိုယ့်အသက်ကို မသေအောင်ဆိုပြီးတော့ ပုန်းအောင်းပြီးတော့လည်း နေတယ်။ နေရတာလည်း နေရခက်တယ်ဗျ။

အခုအချိန်မှာဆိုရင် လူအင်အား လက်နက်အားမမျှတဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့ လူကြီးတွေကို တပ်မတော်သားတွေကို အများကြီးသတ်ဖြတ်ခဲ့ပြီး လက်နက်ခဲယမ်းတွေ အများအပြား သိမ်းဆည်းရရှိခဲ့တယ်လို့ လိမ်ညာပြီး တင်ပြခဲ့တာလည်းရှိခဲ့တယ်ဗျ။ နောင်ချို ကျရင် ကျွန်တော်တို့ကို သတ်မယ်လို့ ခြိမ်းခြောက်ခဲ့တဲ့အတွက် ဒီတပ်မတော်ထဲကို ဝင်ရောက်ပြီးတော့ အလင်းဝင်ရောက်လာခဲ့တာ ဖြစ်ပါတယ်။ တပ်မတော်သားတွေကို သူတို့အဖွဲ့ထဲသို့ အလင်းဝင်မယ်ဆိုရင် ငွေကြေးတွေလည်း ထောက်ပံ့ပေးမယ်ဆိုပြီး ပြောခဲ့ပါတယ်။

တကယ်တမ်း လက်တွေ့မှာကျတော့ လက်နက်တွေယူပြီးတော့ လူတွေကို ညှဉ်းပန်းနှိပ်စက်တာတွေလည်း တွေ့ခဲ့တယ်ခင်ဗျ။ ကျွန်တော်တို့ မြန်မာ့တပ်မတော်ထဲကို အလင်းဝင်လာတဲ့အခါမှာ မညှဉ်းပန်းမနှိပ်စက်ဘဲနဲ့ နွေးနွေးထွေးထွေးကြိုဆိုတဲ့အတွက် ဝမ်းသာမိပါတယ်ခင်ဗျ။ ကျွန်တော်တို့အဖွဲ့အနေနဲ့ တိုက်ပွဲတွေတိုက်ခိုက်ခဲ့တဲ့အချိန်မှာ ပြည်သူတွေရဲ့ပစ္စည်းတွေ အများအပြား ပျက်စီးဆုံးရှုံးခဲ့တာတွေရှိခဲ့တယ်။ စိုက်ပျိုးသီးနှံတွေ ပျက်စီးခဲ့တာတွေလည်း ရှိခဲ့တယ်။ အဲဒီအတွက်လည်း ပြည်သူလူထုကို ကျွန်တော့်အနေနဲ့ ဒီနေရာကပဲ ခွင့်လွှတ်ပေးပါလို့ တောင်းပန်ချင်ပါတယ်။ ကျွန်တော်တို့ တောင်ခမ်းနဲ့ နောင်ချိုကြားမှာရှိတဲ့ ပြည်သူတွေအိမ်မှာ ခေတ္တခဏဝင်နေတဲ့အချိန်မှာ သူတို့တွေက ပြည်သူ့ပစ္စည်းတွေကို လုယက်တာတွေ၊ မတရားယူတာတွေကို တွေ့ခဲ့ရတယ်ခင်ဗျ။ ကျွန်တော့်အနေနဲ့ ဒီအဖွဲ့ရဲ့ လုပ်ရပ်တွေကို တဖြည်းဖြည်းနဲ့ ရွံရှာစက်ဆုပ်မိတယ်ဗျ။ အဲဒါကြောင့် အဲဒီအဖွဲ့ကနေထွက်ပြီးတော့ မြန်မာ့တပ်မတော်ထဲကို အလင်းဝင်လာရခြင်းဖြစ်တယ်ဗျ။ ကျွန်တော်တို့ရောက်လာတာ နောက်ကျတဲ့အတွက် နောင်တရမိပါတယ်ဗျ။

**သတင်းစဉ်**

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ မြန်မာ့ယဉ်ကျေးမှု စရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး အသိပညာပေးဟောပြော



**ရန်ကုန် ဇူလိုင် ၁၉**

ရန်ကုန်တိုင်း ဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသော မြန်မာ့ယဉ်ကျေးမှု စရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက အမှတ်(၇)ရပ်ကွက် အခြေခံပညာ အလယ်တန်းကျောင်း အမှတ်(၂၂)၌ ကျင်းပသည်။

**အသိပညာပေးဟောပြော**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဘော်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် စာရေးဆရာအသင်းမှ အတွင်းရေးမှူး ဦးဟန်သူရက မြန်မာ့ယဉ်ကျေးမှု စရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောသည်။

အဆိုပါဟောပြောပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စာရေးဆရာအသင်း အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး၊ အခြေခံပညာ အလယ်တန်းကျောင်း အမှတ်(၂၂)မှ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများ နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး တပ်မတော်စစ်ကြောင်းများက လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေး

**နေပြည်တော် ဇူလိုင် ၁၉**

တပ်မတော်အနေဖြင့် ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် တိုင်းစစ်ဌာနချုပ်နယ်မြေများအလိုက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation)များကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် တောင်ခမ်းဒေသ တစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို တပ်မတော်က အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် နောင်ချိုမြို့ရှိ ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် ဝမ်းသာစွာ အားပေးထောက်ခံကြိုဆိုလျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၁၈ ရက်တွင်လည်း နောင်ချိုမြို့၌ အစိုးရ၏ အုပ်ချုပ်မှု ယန္တရားများဖြစ်သည့် ရုံး/ဌာနများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် လိုအပ်သည့်ကူညီထောက်ပံ့ရေးပစ္စည်းများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စေတနာရှင်အလှူရှင်များက ပေးပို့လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ အသုံးအဆောင် ပစ္စည်းများ၊ ထောက်ပံ့ပစ္စည်းများနှင့် အတူ ပြန်လည် ရောက်ရှိလာကြပြီး အုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့်လည်း ယာယီနေရပ်စွန့်ခွာ ပြည်သူများ မိမိနေရပ်သို့ ပြန်လည်ဝင်ရောက်လာစဉ် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် နေထိုင်စားသောက်လုပ်ကိုင်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယုတ်မာရက်စက်စွာ လုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းအန္တရာယ်မှ ကင်းဝေးစေရေးအတွက် မိုင်းရှင်းလင်းရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ နောင်ချိုမြို့နယ်အတွင်း မိုင်းရှင်းလင်းရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းသည် ယနေ့နံနက်ပိုင်းတွင် နောင်ချိုမြို့၏ အနောက်မြောက်ဘက် ခုနစ်မိုင်ခန့်အကွာရှိ လောင်ဖန်းကျေးရွာသို့ ရောက်ရှိကြရာ နောင်ချိုမြို့အား အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ၎င်းတို့ပိုင်ဆိုင်သည့် နေအိမ်အဆောက်အအုံများနှင့် အဖိုးတန်ပစ္စည်းများအား စွန့်ခွာ၍ ယာယီနေရပ်စွန့်ခွာနေရသည့် ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံခဲ့ရာ ဒေသခံတိုင်းရင်းသား ပြည်သူများသည် တပ်မတော်စစ်ကြောင်းအား ဝမ်းပန်းတသာ ကြိုဆိုနှုတ်ဆက်ကြပြီး ၎င်းတို့၏နေရပ်သို့ပြန်လည်အခြေချနေထိုင်နိုင်ရေးအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန် တပ်မတော်စစ်ကြောင်းထံ အကူအညီတောင်းခံခဲ့ကြသည်။

ထိုသို့ အကူအညီတောင်းခံခဲ့သဖြင့် တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းတို့၏နေရပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ဝင်ရောက် နေထိုင်နိုင်ရေးအတွက် မော်တော်ယာဉ်များ စီစဉ်ပေးခြင်း၊ စားသောက်ရေး အဆင်ပြေစေရန် အတွက် စားသောက်ဖွယ်ရာများ စီစဉ်ထောက်ပံ့ပေးခြင်း၊ ၎င်းတို့၏ အသုံးအဆောင် ပစ္စည်းများအား ကူညီရွှေ့ပြောင်းသယ်ဆောင်ပေးခြင်းများနှင့် အခြားလိုအပ်သည့် ကူညီရေးလုပ်ငန်းများကိုအားတက်သရော ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရာ ယာယီနေရပ်စွန့်ခွာ ပြည်သူများသည် ၎င်းတို့၏နေရပ်သို့ ပြန်လည်ဝင်ရောက်အခြေချနေထိုင်ကြရသည့်အတွက် ဝမ်းသာပျော်ရွှင်လျက်ရှိပြီး ၎င်းတို့၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိခဲ့ရပါသည်-

၁။

အခုလို ပြည်သူပြည်သားတွေကို ပျော်ရွှင်အောင် လုပ်ပေးတယ်။ ပြီးတော့ ဘဝလုံခြုံမှုပေးတယ်။ မြန်မာစစ်သည်တော်တွေအားလုံးကို ကျေးဇူးတင်ပါတယ်။

၂။

ကျေးဇူးတင်ပါတယ် ဆရာတို့အားလုံးကို ပြန်ပြီးကယ်တင်ပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်။

**၃။ နှစ်ယောက်တွဲ**

ကယ်တင်ပေးတဲ့ အတွက်မို့ ကျေးဇူးတင်ပါတယ်။ ပြန်လာကယ်တာကိုလည်း ကျေးဇူးအများကြီး တင်တယ်။

**စာမျက်နှာ ၁၇ သို့ ❖**



တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို တပ်မတော်က အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် နောင်ချိုမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းသာစွာ အားပေးထောက်ခံကြိုဆိုကြစဉ်။



တောင်ခမ်းဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို တပ်မတော်ကအပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် နောင်ချိုမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းသာစွာ အားပေးထောက်ခံကြိုဆိုကြစဉ်။



ယာယီနေရပ်စွန့်ခွာပြည်သူများ မိမိနေရပ်သို့ ပြန်လည်ဝင်ရောက်လာစဉ်။



ယာယီနေရပ်စွန့်ခွာပြည်သူများ စားသောက်ရေးအဆင်ပြေစေရန်အတွက် စားသောက်ဖွယ်ရာများ စီစဉ်ထောက်ပံ့ပေးစဉ်။

# ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုလမ်း ဆက်သွယ်ရေးလမ်းကြောင်း ပြန်လည်ဖွင့်လှစ် ဒေသခံပြည်သူများ ပုံမှန်အတိုင်း ပြန်လည်နေထိုင်သွားလာနိုင်ရေးဆောင်ရွက်

**နောင်ချို ဇူလိုင် ၁၉**

TNLA၊ DPLA အဖွဲ့များနှင့် MDY-PDF အမည်ခံ အကြမ်းဖက်သမားများ ထိန်းချုပ်ထားသည့် နောင်ချိုမြို့နှင့်တောင်ခမ်း ဆက်သွယ်ရေးလမ်းကြောင်းအား တပ်မတော်စစ်ကြောင်းများက အဆင့်ဆင့်ခြေကုပ်ယူ၍ ချေမှုန်းဆောင်ရွက်ခဲ့ရာ ယင်းလမ်းကြောင်းကို ဇူလိုင် ၁၆ ရက်တွင် သောင်းကျန်းသူများ ယာယီ ထိန်းချုပ်ထားသည့် တောင်ခမ်း ဒေသတစ်ဝိုက်နှင့် နောင်ချိုမြို့တို့ကို တပ်မတော်က အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသခံပြည်သူများသည် ယာယီနေရပ်စွန့်ခွာနေရာမှ ၎င်းတို့၏ နေရပ်ဒေသများသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**တက်ရောက်**

ဒေသခံပြည်သူများ ပုံမှန်နေထိုင်သွားလာနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နောင်ချိုမြို့ ပြန်လည်ထူထောင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင်



ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့ စည်ပင်သာယာရေးရုံး၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ဒေသခံတိုင်းရင်းသားပြည်သူများ မူလနေရာများသို့ အမြန်ဆုံးပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးရေးနှင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးယန္တရား အမြန်ဆုံးလည်ပတ်နိုင်ရေး ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦးက နိုင်ငံ့ဝန်ထမ်းများ လုံခြုံရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပညာရေးကိစ္စရပ်များတွင်လည်း ကျောင်းများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်နှင့် ကျန်းမာရေးကိစ္စများအတွက် ယာယီဆေးရုံကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများက လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယာယီဆေးခန်းဖွင့်လှစ်နိုင်ရန်အတွက် နောင်ချိုမြို့ ဗုဒ္ဓသာသနာ့ရောင်ခြည် ဗိမာန်တော်ကြီးသို့ သွားရောက်ကြည့်ရှုပြီး ဟော်တော်ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကာ ကျောင်းထိုင် ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းနှင့်အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နောင်ချိုမြို့သို့ ပြန်လည် ဝင်ရောက်လာသော ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူများ စားသောက်ရေးအတွက် ထောက်ပံ့ ပေးသွားမည်ဖြစ်ကြောင်း၊ နောင်ချိုမြို့နှင့် ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေးနှင့် မြို့သန့်ရှင်း သာယာလှပရေးအတွက် နဂိုမူလအတိုင်း ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ လျှပ်စစ်မီး ရရှိရေးကိုလည်း ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်းနှင့် ပြည်သူများ ယာယီစားသောက်ရေး အဆင်ပြေစေရန် အိမ်ထောင်စုတစ်စုလျှင် ဆန်ရှစ်ပြည်၊ ဆီတစ်ပိဿာ၊ ကုလားပဲ၊ ငါးပိတို့ကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦးက ဒေသခံပြည်သူများ စားဝတ်နေရေးနှင့် လျှပ်စစ်မီးရရှိရေးတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြား၍ နောင်ချိုမြို့ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများကို ပေးအပ်ကာ နောင်ချိုမြို့ ပြည်သူ့ဆေးရုံ၊ အမှတ်(၁)အခြေခံပညာ အထက်တန်း ကျောင်းနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့ စိမ်းလန်းစိုပြည်သန့်ရှင်းသာယာလှပရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဇူလိုင် ၁၉**

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိမ်းလန်းစိုပြည် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ပြည်နယ်ဝန်ကြီးများသည် လွိုင်ကော်မြို့အဝင်လမ်းမကြီးနှင့် လွိုင်ကော်-ရှားတော ကားလမ်းမကြီးဘေးဝဲ၊ယာတစ်လျှောက် ပြည်နယ်ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ နောင်ယား(ခ)ရပ်ကွက် အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိကာ ကျောင်းဝင်းအတွင်း မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အကြမ်းဖက်သောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေါ်ဥခူရပ်ကွက်ရှိ ပြည်နယ်နှင့် မြို့နယ်သမဝါယမဦးစီးဌာနရုံး လေးခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာနှင့် ပြည်နယ်ဦးစီးမှူးနေအိမ်များ ပြန်လည်ပြုပြင် ဆောင်ရွက်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဝန်ထမ်းများကို ဝန်ထမ်းအိမ်ရာများတွင် စနစ်တကျ ပြန်လည်နေရာချထားပေးရန်၊ ရုံးများရွှေ့ပြောင်းဖွင့်လှစ်ပြီး ရုံးလုပ်ငန်းများ စနစ်တကျ ပြန်လည်ဆောင်ရွက်ကြရန်နှင့် ပြည်နယ်အတွင်းရှိ သမဝါယမအသင်းများနှင့်



သမဝါယမလုပ်ငန်းများ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အလေးထားဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

❖ စာမျက်နှာ ၁၆ မှ

၄။

၆ လပိုင်း ၂၅ ရက်နေ့က တိုက်ပွဲဖြစ်တယ်။ အဲဒီနေ့ကစပြီး မိသားစုတွေ တကွဲတပြားစီဖြစ်တယ်။ မန္တလေးရောက်၊ ဟိုရောက်ဒီရောက်နဲ့ တကွဲတပြားစီ ဖြစ်ကြတယ်။ အခုချိန်ထိ တကွဲတပြားစီပါပဲ။ စစ်တပ်ကလာပြီးအခုလိုရှင်းလင်းပြီးတော့ လုပ်ကိုင်ပေးတဲ့အတွက်၊ အကုန်လုံးကို အစစအရာရာလာပြီး ကူညီပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ နောင်လည်းဒီလိုပဲ အမြဲတမ်း အမြဲမပြတ်စောင့်ရှောက်ပေးဖို့ ပြောချင်ပါတယ်။

၅။

ခုလိုဖြစ်လာမယ်ဆိုတာတော့ ကျွန်မယုံကြည်တယ်။ ဒီလိုအမြန်လုပ်ဆောင်ခဲ့မယ်လို့ မထင်ထားဘူးလေ။ ဒီလိုဖြစ်လာတော့ အတိုင်းမသိဝမ်းသာပြီး ဘာပြောရမှန်းမသိဘူး။ မိသားစုတွေ ခုလိုစုံစုံလင်လင် နေရမယ်၊ လုပ်ငန်းကိုင်ငန်းတွေ ပုံမှန်လည်ပတ်လို့ရမယ်ဆိုတော့ ပျော်လို့ ဘာပြောရမှန်းကိုမသိဘူး။ တပ်မတော်ကြီးကိုလည်း အများကြီးကျေးဇူးတင်မိတယ်။ အဲဒီလိုပဲပြောချင်တယ်။

၆။

ကျွန်မတို့ရွာဘက်မှာ ၁၅ ရက်ကျော်ပါတယ်။ မိသားစုတွေလည်း မတွေ့ရပါဘူး။ စစ်တပ်ရောက်လာတော့ ကျွန်မတို့အများကြီးပျော်ပြီး အများကြီးဝမ်းသာပါတယ်။

၇။

ကိုယ့်မြို့ကိုယ့်ရွာကို ပြန်ခွင့်ရှိတာကို အများကြီးကျေးဇူးတင်ပါတယ်ခင်ဗျာ။



၁



၂



၃



၄



၅



၆



၇

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

**မုံရွာ ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အား စိမ်းလန်းစိုပြည်စေရေး၊ သာယာလှပရေး၊ ရာသီဥတုပြုပြင်ပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များ လျော့ပါးစေရေး၊ သစ်တောဖုံးလွှမ်းမှု တိုးတက်စေရေးတို့အတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ မြို့သစ်ရပ်ကွက် မင်္ဂလာလမ်း အရှည်ပေ ၆၀၀၀ ရှိ လမ်းဘေးဝဲ၊ ယာ၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီးတို့က ခရေပျိုးပင်ကိုစိုက်ပျိုးပေးပြီး တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်/ဒီဂရီကောလိပ်များမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများက သတ်မှတ်နေရာများတွင် အရိပ်ရပျိုးပင်များကို စိုက်ပျိုးကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စုပေါင်းသစ်ပင်စိုက်ပျိုးပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။ မုံရွာမြို့ မြို့သစ်ရပ်ကွက် လမ်းဘေးဝဲ၊ ယာ၌ နှစ်ပေနှင့်အထက် နှစ်နှစ်သားအရွယ်ရှိ သစ်မျိုး ခုနစ်မျိုး၊ ပျိုးပင်ပေါင်း ၁၂၀၀ ကို စိုက်ပျိုးပေးသည်။




ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများသည် မုံရွာမြို့ မြို့သစ်ရပ်ကွက်ရှိ အစိုးရနည်းပညာ အထက်တန်းကျောင်းဝင်းအတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်း၍သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများနှင့် ဆရာ ဆရာမများအား စားသုံးဆီ၊ ဆန်နှင့် ဟင်းသီးဟင်းရွက်တို့ကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပုသိမ်မြို့၌ စိုက်ပျိုးမွေးမြူရေးထုတ်လုပ်မှုတိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပုသိမ် ဇူလိုင် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ စိုက်ပျိုးမွေးမြူရေးထုတ်လုပ်မှု တိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပုသိမ်ခရိုင်၊ ကျုံပျော်ခရိုင်၊ ဟင်္သာတခရိုင်၊ မြန်အောင်ခရိုင်၊ မြောင်းမြခရိုင်၊ မအူပင်ခရိုင်၊ ဖျာပုံခရိုင်နှင့် လပွတ္တာခရိုင်တို့မှ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများက အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးအတွင်း ဆီဖူလုံမှုရရှိစေရေး ပဲကြီး၊ ပဲပုပ်ဧက ၁၀၀၀၀၀ တိုးချဲ့စိုက်ပျိုးမည့်အခြေအနေ၊ အဓိကသီးနှံ ၁၀ မျိုး သတ်မှတ်ရန်၊ စပါးမျိုးစေ့ချက်ကိရိယာများ ထုတ်လုပ်နိုင်မည့်အခြေအနေ၊ မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်မှု၊ ရေချိုရေငန် ငါး၊ ပုစွန်၊ ဂဏန်း၊ ငါးရှဉ့် အစရှိသည့် ရေထွက်ကုန်များ မွေးမြူထုတ်လုပ်မှုအခြေအနေတို့ကို တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက စိုက်ဧကများပြည့်မီရေး၊ ပန်းတိုင်အထွက်နှုန်းရောက်ရှိရေး၊ ကြွခင်းစနစ်များပပျောက်ရေးအတွက် စပါးမျိုးစေ့ချက်ကိရိယာများ ထုတ်လုပ်ဖြန့်ဖြူးမည့်အခြေအနေများ၊ ဆောင်းနေကြာ လျာထားဧကပြည့်မီရေးနှင့် ပဲကြီး၊ ပဲပုပ်ဧက ၁၀၀၀၀၀ စိုက်ပျိုးမည့်အခြေအနေများ၊ မွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေများ ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။




**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ရေးမြို့နယ်၌ သဘာဝဘေးကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

**ရေး ဇူလိုင် ၁၉**

မွန်ပြည်နယ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်အရ ရေးမြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများသည် သဘာဝဘေးကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ဇူလိုင် ၁၈ ရက်က အထက(၃)နှင့် အမက(၆)တို့၌ ကွင်းဆင်းဆောင်ရွက်သည်။

ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးသန်းဌေးအောင်က သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ကြေညာချက်များကို အချိန်နှင့်တစ်ပြေးညီ လိုက်နာဆောင်ရွက်ကြရေးတို့ကို အသေးစိတ်ရှင်းလင်းဟောပြောပေးသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှူးနှင့် တပ်ဖွဲ့ဝင်များသည် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား လျှပ်စီးလျှပ်ပန်းသတိပြုရမည့် အချက်များ... 

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှူးနှင့် တပ်ဖွဲ့ဝင်များသည် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ငလျင်ဘေးသဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် မီးငြိမ်းသတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြသပေးပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရှင်းသန့်ဖြူ**

# စက်မှုဇုန်များ၌ သင်ထောက်ကူပြုယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အသိပညာပေးဆွေးနွေး

**ရန်ကုန် ဇူလိုင် ၁၉**

ရန်ကုန်တိုင်း ဒေသကြီး လှိုင်မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနက သင်ထောက်ကူပြုယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အလုပ်သမားဥပဒေပါရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် စက်မှုဇုန်များ၌ ပြုလုပ်သည်။



အဆိုပါ အသိပညာပေးဆွေးနွေးပွဲများကို လှိုင်မြို့နယ်ရှိ မိုးသောက်ရေသန့်စက်ရုံ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံစက်မှုဇုန်ရှိ Myanmar Xiang He အထည်ချုပ်စက်ရုံ၊ Yangon Global star Co.,Ltd. အထည်စက်ရုံနှင့် သမီးတော်စွမ်းအား အထည်ချုပ်စက်ရုံများရှိအလုပ်သမားများအား အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များကို သိရှိနားလည်ပြီး လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိအမြင်များ တိုးတက်လာစေရန် ရည်ရွယ်၍ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန မရမ်းကုန်းခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြိုင်မြိုင်သိန်းနှင့် ဦးစီးအရာရှိ (အလုပ်ရုံစစ်ဆေးရေး) ဦးချိုမင်းသွင်တို့က ဦးစီးဌာနက စည်းကြပ်လျက်ရှိသည့် အလုပ်သမားဥပဒေများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကိုအလုပ်သမား ၁၀၀ အား အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# အိမ်မဲမြို့နယ်၌ ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်

**အိမ်မဲ ဇူလိုင် ၁၉**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်အတွင်း ရေယာဉ်ခရီးသွားပြည်သူများအား အိမ်မဲကြီးရပ်ကွက် အိမ်မဲချောင်းဘေးရှိ တံတားဆိပ်တွင် ယမန်နေ့နံနက်ပိုင်းက ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် ဇာတ်တိုက်လေ့ကျင့်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေယံစိုးနှင့်သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ရေဘေးအန္တရာယ်ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရန်နည်းလမ်းများ၊ အသက်ကယ်အင်္ကျီဝတ်ဆင်ခြင်းနည်းလမ်းများနှင့် ကယ်ဆယ်ရေးနည်းလမ်းများကို လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ပေးခဲ့ပြီး ရေယာဉ်များပေါ်တွင် အရေးပေါ်အသက်ကယ်ဘောကွင်းများနှင့် အသက်ကယ်အင်္ကျီ အသင့်ဆောင်ရွက်ထားရှိရန်စစ်ဆေးကာ ရေလမ်းခရီးသွားလုပ်သားပြည်သူ ၉၀ တို့အား ရေဘေးအန္တရာယ်ကင်းဝေးစေရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



**ရောဦးသာ**

# (၇၈)နှစ်မြောက် အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ် ဦးညွတ်ဂါရဝပြုခြင်းနှင့် အလေးပြုခြင်းများ ပြုလုပ်

နေပြည်တော် ဇူလိုင် ၁၉

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့သော ဇူလိုင် ၁၉ ရက် ရောက်တိုင်း အာဇာနည်နေ့အထိမ်းအမှတ် အခမ်းအနားများကို မမေ့မလျော့ နှစ်စဉ်ကျင်းပကြသည်။

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ကြသည့် ဇူလိုင် ၁၉ရက် နံနက် ၁၀နာရီ ၃၇ မိနစ်တွင် မီးသတ်ယာဉ်များဖြင့် ဝမ်းနည်းခြင်းအထိမ်းအမှတ် ဦးညွတ်ဂါရဝပြုကြရာ လမ်းများပေါ်တွင် သွားလာနေကြသော ပြည်သူများသည် ရောက်ရှိရာနေရာတွင် ခေတ္တရပ်တန့်၍ ဂါရဝပြု အလေးပြုကြသည်။

ယနေ့တွင် အစိုးရဌာနဆိုင်ရာ ရုံးဌာနများ၊ စာသင်ကျောင်းများ၊ စက်ရုံအလုပ်ရုံများ၊ ကုမ္ပဏီများနှင့် ရပ်ရွာများတွင် ဝမ်းနည်းခြင်းအထိမ်းအမှတ် နိုင်ငံတော်အလံများအား တိုင်ဝက်လွှင့်ထူထားကြကြောင်း သိရသည်။



ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်း အာဇာနည်နေ့အထိမ်းအမှတ် မြန်မာနိုင်ငံတော်အလံအား တိုင်ဝက်လွှင့်ထူပြီး အလေးပြုကြစဉ်။ မြို့နယ်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် မီးသတ်စခန်း၌ အာဇာနည်နေ့အထိမ်းအမှတ် နိုင်ငံတော်အလံအား တိုင်ဝက်လွှင့်ထူပြီး အလေးပြုကြစဉ်။ မြို့နယ်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်၌ အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ယာဉ်များခေတ္တရပ်နားပြီး အလေးပြုကြစဉ်။ မြို့နယ်(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ယာဉ်များ ခေတ္တရပ်နားလျက်ရှိသည်ကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်၌ အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ယာဉ်များခေတ္တရပ်နားပြီး အလေးပြုကြစဉ်။ မြို့နယ်(ပြန်/ဆက်)



ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်မြို့နယ်၌ အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ယာဉ်များခေတ္တရပ်နားပြီး အလေးပြုကြစဉ်။ မြို့နယ်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် မီးသတ်စခန်း၌ အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံအား တိုင်ဝက်လွှင့်ထူပြီး အလေးပြုကြစဉ်။ မြို့နယ်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် မီးသတ်စခန်း၌ အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံအား တိုင်ဝက်လွှင့်ထူပြီး အလေးပြုကြစဉ်။ ဇေယျာ(မြောင်းမြ)



မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံအား တိုင်ဝက်လွှင့်ထူထားသည်ကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံအား တိုင်ဝက်လွှင့်ထူပြီး အလေးပြုကြစဉ်။ မြို့နယ်(ပြန်/ဆက်)



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ယာဉ်များခေတ္တရပ်နားပြီး အလေးပြုကြစဉ်။ မြို့နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် မီးသတ်စခန်း၌ အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံအား တိုင်ဝက်လွှင့်ထူပြီး အလေးပြုကြစဉ်။ မြို့နယ်(ပြန်/ဆက်)

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ခဲသတ္တုများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၇ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုတ်ပြင်းမြို့နယ် ကရိုင်တိုင်ကျေးရွာရှိ မြို့ ဝင်/ထွက် စစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင်ခဲသတ္တု ၁ ဒသမ ၇၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၂၀၀၀၀၀)နှင့် အဆိုပါခဲသတ္တုများ တင်ဆောင်လာသည့် Forland Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ ကော့သောင်းမြို့နယ် ဘရီးကျွန်းအနီး၌ တရားမဝင်ငါးဖမ်းရာတွင်အသုံးပြုသည့် သစ်သားကိုယ်ထည်လှေတစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀)ကို မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေအရလည်းကောင်း၊ ဘုတ်ပြင်းမြို့နယ် ကြိမ်နီတောင်ကျေးရွာ၌ တရားမဝင်မီးသွေး ၇ ဒသမ ၁၄၆ တန် (ခန့်မှန်းတန်ဖိုးငွေ ၃၅၇၃၃ ကျပ်)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၁၆၄၂၃၅၇၃၃ ကျပ်ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် လွင်မိုးတိုက်ပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ကိုးမျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၃၂၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သာယာဝတီမြို့ မီးနင်းချောင်းဂိတ်၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၄၃၂၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၄ ဒသမ ၅၇၂ တန်၊ သစ်မာ သုည ဒသမ ၈၈၂ တန်၊ အခြားသစ် ၆ ဒသမ ၁၄၉ တန် (ခန့်မှန်းတန်ဖိုးငွေ ၅၂၄၁၆၈၇ ကျပ်)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ၉၃၆၇၃၆၈၇ ကျပ်ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၁၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၈ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၉၆၄၀၄၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၉၉၆၄၀၄၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် နမ့်လွတ်ကျေးရွာအနီး မယ်ယန်း-စံဖူးလမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၆၂၅၀၀၀)ကိုလည်းကောင်း၊ တာချီလိတ်မြို့နယ် မလိပါကောရွာအနီး ဖေလေလန် - မလိပါကော – မိုင်းကိုး လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၈၆၀၀၀၀) ကိုလည်းကောင်း၊ တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ပန်ဟတ်ရွာအနီး တာချီလိတ်–ကျိုင်းတုံ လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၅၈၅၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၀၇၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




မြန်မာ့စက်မှုဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၈၃၄၉၅၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ၃၆ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၈၇၅၈၈၉၆၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်(ကုန်လှောင်ရုံ)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၂၀၀၀)ကို လည်းကောင်း၊ ဝေါမြို့ အဗျားဘိုတဲကျေးရွာအနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၀၃၉၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး၊ Nidi Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၂၀၃၉၈၁၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၁၈ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သိမ်းဆည်းရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ် ၁၀ စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၃၅ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၃၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၄၈၃၀၃၂၇၀)ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

---

❖ **စပိန်အမျိုးသမီးအသင်းမှ**

ဆွစ်ဇာလန် အမျိုးသမီးအသင်းကတော့ ချေပဂိုးပြန်လည်ရရှိရေး ကြိုးပမ်းရင်း သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို နှစ်မိနစ်မှာ မာရစ်ဇ် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရတာဖြစ်ပါတယ်။

စပိန်အမျိုးသမီးအသင်းဟာ ယခုအမျိုးသမီး ယူရို ၂၀၂၅ ပြိုင်ပွဲမှာ သွင်းဂိုး ၁၆ ဂိုးအထိ သွင်းယူထားကာ ဂိုးအများဆုံးသွင်းယူထားတဲ့အသင်းအဖြစ် မှတ်တမ်းဝင်ထားပြီး အင်္ဂလန်အမျိုးသမီးအသင်းက ယူရို ၂၀၂၂ ပြိုင်ပွဲမှာ သွင်းဂိုး ၂၂ ဂိုး၊ ဂျာမနီအမျိုးသမီးအသင်းက ယူရို ၂၀၀၉ မှာ သွင်းဂိုး ၂၁ ဂိုး သွင်းယူထားတာဖြစ်ပါတယ်။

စပိန်အမျိုးသမီးအသင်းက ဆွစ်ဇာလန်အမျိုးသမီးအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ဆီမီးဖိုင်နယ်ပွဲစဉ်ကို ဇူလိုင် ၂၃ ရက်မှာ ဇူးရစ်မြို့၌ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်မှာ ပြင်သစ်အမျိုးသမီးအသင်းနဲ့ ဂျာမနီအမျိုးသမီးအသင်းတို့ယှဉ်ပြိုင်ကစားမယ့် ကွာတားဖိုင်နယ်ပွဲစဉ်မှာ အနိုင်ရတဲ့အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

---

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၀-၇-၂၀၂၅ တနင်္ဂနွေနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (မင်္ဂလသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ ပြည်သူများ၏ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရေးကျန်းမာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ (Video Clip)
- ၀၉:၁၅ ကာတွန်းအစီအစဉ် 'ချစ်စရာသိုးမိသားစု' (အပိုင်း–၁၁)
- ၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၀:၃၀ 'အချစ်ရဲ့မိုး' တေးဂီတဖျော်ဖြေပွဲထုတ်လွှင့်မှု အစီအစဉ်
- ၁၁:၄၀ အသိပညာနှင့်အမှန်တရား
- ၁၂:၃၅ This Week's Special Interest
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာဇာတ်လမ်းတွဲ 'ထာဝရပန်းလေး' အပိုင်း (၃၁+၃၂)
- ၁၆:၄၅ Sports Diary
- ၁၇:၁၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၇:၃၅ လှပကောင်းမွန်သောနယ်စပ်ခရီး (အပိုင်း–၂)
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ဝေပြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'မုသားနောက်ကွယ်' (အပိုင်း–၂၃)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ကြွေလည်းဝေမြဲ တမ်းတဆဲ 'စာဆိုတော်အလင်္ကာကျော်စွာရွှေတိုင်ညွန့်' (၁၉၀၉–၁၉၄၅) (အပိုင်း–၁)
- ၂၁:၃၅ ဆေးရောင်စုံရုပ်ရှင် 'ခုတော့သိပြီမင်းကိုကိုယ်ချစ်သည်'

### mitv

- 07:01 Evergreen Classic: Myat Day Thanar (Pan Ei Phyu)
- 07:09 Famous Historic Pagodas in Yangon; Atula Dipatti Maha Muni Thetkya Koe Htat Gyi Pagoda
- 07:33 Tech Digest
- 07:41 Myanmar Childhood Games (Episode-1)
- 07:50 Kay Tu Mar Lar "The Family"
- 08:01 News
- 08:27 A Visit To Ye
- 09:01 The Largest Nunnery In Myanmar
- 09:31 Today Myanmar; Emerging Souls Art Exhibition
- 09:42 Handmade Artisan Ye`Linn Oo
- 10:01 News

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၅ တိုင်းရင်းသားတေးသီချင်း၊ အက (ကချင်)
- ၀၆:၅၀ ဇာတ်လမ်းတို 'မျက်အစဉ်...မြင်ခဏ'
- ၀၇:၀၅ မြန်မာသံစဉ်တေးများ
- ၀၇:၃၀ မြန်မာဇာတ်လမ်းတွဲ 'ထာဝရပန်းလေး' အပိုင်း (၃၁)(၃၂)
- ၀၈:၅၀ ဇာတ်သဘင် 'တံခါးမှူးဒွတ္တဇာတ်တော်ကြီး' (ပထမပိုင်း)
- ၀၉:၃၅ မြန်မာရုပ်ရှင် (ဆေးရောင်စုံ) 'နှတ်ပက်တဲ့စုံတွဲများ'
- ၁၉:၃၀ မြန်မာဇာတ်လမ်းတွဲ 'ထာဝရပန်းလေး' အပိုင်း (၃၃)(၃၄)

### MRTV NRC

- ကယား (၀၆:၀၀ မှ ၀၈:၀၀) ငါးဖက်ထုပ်ဇရုံရွက်ဟင်းချို
- စကောကရင် (၀၈:၀၀ မှ ၀၉:၀၀) သင်ယူလေ့လာတို့ရဲ့စာ (အပိုင်း–၁၈)
- အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀) မြောင်းမြမုန့်ဟင်းခါး
- အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀) မြေအိုး (အပင်အကြောင်း)
- ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀) ဂေါ်ရခါးသီးနှင့်ကျန်းမာရေး
- ချင်း (ချို) (၁၂:၀၀ မှ ၁၃:၀၀) အလင်းရောင်
- မွန် (၁၃:၀၀ မှ ၁၅:၀၀) တည်းသီး၏ကောင်းကျိုးဆိုးကျိုး
- ရခိုင် (၁၅:၀၀ မှ ၁၇:၀၀) တို့ရွာအလှနဲ့ရာသီစာ
- ရှမ်း (၁၇:၀၀ မှ ၁၉:၀၀) ဝါးနီးခမောက်ပြုလုပ်နည်း
- ဝ (၁၉:၀၀ မှ ၂၁:၀၀) အေးချမ်းပျော်ရွှင်မက်မန်းတစ်ခွင်
- ကချင် (၂၁:၀၀ မှ ၂၃:၀၀) ခသုံးဆီကလက်ခတ်သံ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၁၅ Next Level
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၄၅ စူးစမ်းရှာဖွေ ရှေးဟောင်းအမွေ
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ထိုင်းနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အရိပ်တကြည့်ကြည့်'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ) (အပိုင်း–၂)
- ၁၁:၀၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း–၉၃)

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ လယ်ယာစီးပွားရေးလုပ်ငန်းရှင်အဖြစ် ကြိုးစားပိုစိုက်ပျိုးရေးသိပွဲကျောင်းကို ရွေးချယ်စို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Modern Agriculture Machines That Are At Another Level 4
- ၁၈:၅၀ The Birth Of Sake
- ၂၀:၀၀ ရင်ထဲကရွှေနန်းကျင် (ဇာတ်လမ်း)
- ၂၂:၀၀ Harchi A dog's Tale (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Weekly Sports Info
- ၀၇:၄၅ Weekend News
- ၁၀:၀၀ တက်(ဂ်)ဘောအားကစားနည်းဖိတ်ဆက်ပွဲနှင့် သရုပ်ပြပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု
- ၁၇:၀၀ အားကစားသတင်း

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၅)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်၌ (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံများခင်းကျင်းပြသ



နတ်မောက် ဇူလိုင် ၁၉

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အောင်ဆန်းရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်တွင် (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထူးပြခန်းအဖြစ် ဗိုလ်ချုပ်အောင်ဆန်း၏ ငယ်ဘဝဖြစ်စဉ်များမှစ၍ နိုင်ငံရေးကြိုးပမ်းလှုပ်ရှားမှု အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံများကို ယနေ့တွင် ခင်းကျင်းပြသရာ လာရောက်ကြည့်ရှုကြသည့် ပြည်သူများ၊ ကျောင်းသား ကျောင်းသူများဖြင့် စည်ကားခဲ့သည်။

(၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အဖြစ် နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်တွင် အာဇာနည်ခေါင်းဆောင်ကြီးများအား ဂုဏ်ပြုသောအားဖြင့် အထူးပြခန်းအနေဖြင့် ဗိုလ်ချုပ်၏ ငယ်ဘဝမှ နိုင်ငံရေးကြိုးပမ်းလှုပ်ရှားမှုအထိ မှတ်တမ်းဓာတ်ပုံများ၊ အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦး၏ ဘဝဖြစ်စဉ်အကျဉ်းများကိုပါ ခင်းကျင်းပြသပေးထားကြောင်း၊ ယခုနှစ်တွင် ထူးခြားမှုအနေဖြင့် အာဇာနည်နေ့နှင့်ပတ်သက်သည့် အချက်အလက်များကို Textscene ဖြင့် ပြည့်စုံစွာပြသထားသည့်အတွက် ရန်ကုန်သို့ သွားရောက်လေ့လာခွင့်ရသကဲ့သို့ ခံစားရစေပါကြောင်း၊ ကိုယ်တိုင်လည်း ပြည့်စုံစွာ သိရှိနားလည်နိုင်ခွင့်ရသလို မေးခွန်းများမေးမြန်း၍ ဖြေဆိုနိုင်သည့် ကျောင်းသား ကျောင်းသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မကွေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ညိုညိုသန်းက ပြောသည်။

နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်တွင် ဗိုလ်ချုပ်၏ မိခင်အသုံးပြုခဲ့သည့် ဆီသိုလှောင်သည့် ဂိုဒေါင်ဟောင်းနှင့် နေအိမ်အောက်ထပ်တွင် စပါးကျီချိုင့်၊ ဗိုလ်ချုပ်အစ်မ ရက်ခဲ့သည့် မူရင်းရက်ကန်းစင်၊ ဗိုလ်ချုပ်ငယ်စဉ်ဘဝက ကိုင်ဆောင်ခဲ့သည့် စာအုပ်မျက်နှာဖုံးများ၊ ဗိုလ်ချုပ်၏ မှတ်တမ်းဓာတ်ပုံများ၊ ဗိုလ်ချုပ်၏ နိုင်ငံရေးလှုပ်ရှားမှုများမှသည် ကျဆုံးခဲ့သည့်အချိန်အထိ မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသထားပြီး နေအိမ်အပေါ်ထပ်တွင် ဗိုလ်ချုပ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ထုလုပ်ထားသည့် ဆီလီကွန်ရုပ်တု၊ ဗိုလ်ချုပ်မိဘအိမ်ပြန်လာစဉ် အိပ်ခန်း၊ အိပ်ခန်းအတွင်းမှ မူရင်းကြိုးခုတင်၊ ဗိုလ်ချုပ်၏ မိခင်အိပ်ခန်း၊ ဗိုလ်ချုပ်မိသားစုအိပ်ခန်း၊ အမျိုးသမီးပြင်ဆင်ခန်း၊ မီးဖိုခန်း၊ နေအိမ်ခြံဝင်းအတွင်းရှိ ဗိုလ်ချုပ်နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ကျောက်စာတိုင်နှင့်(၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဗိုလ်ချုပ်အောင်ဆန်း၏ ငယ်ဘဝဖြစ်စဉ်များမှစ၍ နိုင်ငံရေး ကြိုးပမ်းလှုပ်ရှားမှုအထိ မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသထားသည်။

ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်ကို ပုံမှန်အားဖြင့် တနင်္လာနေ့နှင့် အများပြည်သူရုံးပိတ်ရက်များမှအပ ကျန်နေ့ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ လာရောက်ကြည့်ရှုလေ့လာနိုင်ပြီး ယနေ့တွင် (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် နံနက် ၇ နာရီမှ ညနေ ၄ နာရီအထိ အများပြည်သူ လေ့လာကြည့်ရှုနိုင်အောင် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **လှဝင်း**

# ပင်လယ်ပြင်ကမ်းနီး / ကမ်းဝေး ငါးဖမ်းရေယာဉ်များ ရာသီဥတုဆိုးရွားပါက အနီးဆုံးခိုလှုံနိုင်ရန် နေရာများသတ်မှတ်အသိပေးထား



ရန်ကုန် ဇူလိုင် ၁၉

မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ၂၀၂၄-၂၀၂၅ ငါးဖမ်းရာသီ၌ ငါးဖမ်းလုပ်ငန်းဆောင်ရွက်နေကြသည့် ကမ်းနီး/ကမ်းဝေး ငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားမှုနှင့် ကြုံတွေ့ရပါက အနီးဆုံးခိုလှုံနိုင်ရန် နေရာများကို လမ်းညွှန်သတ်မှတ်ပေးထားကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

“ ငါးဖမ်းရာသီစတင်တဲ့ ဇူလိုင် ၁ ရက်နေ့ကစပြီး ရန်ကုန်မြို့က ငါးဖမ်းစက်လှေ ၃၀၀ နီးပါး ပင်လယ်ပြင် ထွက်နေတာရှိပါတယ်။ ပင်လယ်ပြင်ရာသီဥတုအခြေအနေကို ကျန်တဲ့ငါးဖမ်းစက်လှေတွေလည်း စောင့်ကြည့်နေတဲ့ သဘောပါ။ ဒီလ ပင်လယ်ပြင်မှာ လှိုင်းရှိနေပြီး ပိုပြီးဆိုးရွားလာရင် အနီးဆုံးကျွန်းခိုရပ်နားနိုင်အောင် ဌာနက နှစ်စဉ်ထုတ်ပြန်ပေးထားတဲ့ သတ်မှတ်နေရာတွေရှိပါတယ်။ ထုတ်ပြန်ချက်ကို ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ ငါးချဆိပ်ကမ်းနဲ့ ရေယာဉ်ပိုင်ရှင်တွေထံ ကြိုတင်အသိပေး အကြောင်းကြားထားတာရှိပါတယ်”ဟုရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ငါးဖမ်းရေယာဉ် စောင့်ကြည့်စစ်ဆေးရေးစခန်းမှ ဦးစီးအရာရှိ ဦးတင်ထွန်းက ပြောသည်။

ငါးဖမ်းရေယာဉ်များအနေဖြင့် ရာသီဥတုဆိုးရွားပါက ရခိုင်ပြည်နယ်၌ မင်းဂံချောင်းအတွင်း၊ ပေါက်တောမြို့နယ် ဖရုံဂါကျွန်း၊ ကျောက်ဖြူမြို့နယ် လေပွေ့ချောင်း၊ သံတွဲမြို့နယ် ဆင်ခေါင်းဆိပ်ကမ်း၊ သံတွဲမြို့နယ် သပြုချိုင်(ANDREW BAY)၊ တောင်ကုတ်မြို့နယ် သဘော်ဆိပ်၊ ဂွမြို့နယ် တင်တောကျေးရွာအုပ်စု အမော်ချိုင်၊ ဧရာဝတီတိုင်းဒေသကြီး ပြင်ခရိုင် ချောင်းဝကျေးရွာ၊ ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာ၊ မွန်ပြည်နယ် ရေးမြို့နယ် ဝါးကျွန်း၊ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် လောင်းလုံဘုတ်ကျွန်း(SOUTH MOSCOS)၊ မြိတ်မြို့နယ် တနင်္သာရီကျွန်း(TANINTHARYI ISLAND) နှင့် ကျွန်းစုမြို့နယ် ပြင်စဘုကျွန်းတို့တွင် ရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန် သတ်မှတ်ပေးထားပြီး ရာသီဥတုခိုလှုံမှုကို အကြောင်းပြ၍ကမ်းဝေးရေယာဉ်များ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးပါက ထိရောက်စွာ အရေးယူမှုကို ခံရနိုင်ကြောင်း ထုတ်ပြန်ထားသည်။

ပင်လယ်ပြင်တွင် ငါး/ပုစွန် ဖမ်းဆီးသည့် ရေယာဉ်များကို ငါးလုပ်ငန်းဦးစီးဌာနမှ ရက် ၆၀ ခွင့်ပြုထားပြီး သတ်မှတ် ရက်ပြည့်ပါက သက်ဆိုင်ရာဆိပ်ကမ်းများသို့ ပြန်လည်ဝင်ရောက်ရလေ့ရှိကြောင်း၊ ပင်လယ်ပြင်၌ မုန်တိုင်းဖြစ်စေ၊ လှိုင်းလေထန်လျှင်ဖြစ်စေ ရာသီဥတုဆိုးရွားလာပါက မူရင်းဆိပ်ကမ်းများသို့ ပြန်သောစက်လှေ နည်းပါးပြီး အနီးဆုံးရှိကျွန်းများတွင် ခိုနားလေ့ရှိကာ ရာသီဥတုသာယာပါက ပြန်လည်ထွက်ခွာ ဖမ်းဆီးကြကြောင်း သိရသည်။

ယနေ့တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေကြောင်း၊ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ကာ လှိုင်းအမြင့်မှာ ခုနစ်ပေမှ ကိုးပေအထိ၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်အထိ လှိုင်းကြီးနိုင်ကြောင်း ထုတ်ပြန်ထားသည်။

**အောင်သန်းဦး၊ ကိုကိုလွင်**

# ပဲခူးမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်းပွဲ ကျင်းပ

ပဲခူး ဇူလိုင် ၁၉

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံးအနေဖြင့် မြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းသည့် အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းပွဲကို ယမန်နေ့နံနက်ပိုင်းက ပဲခူးမြို့ လူငယ်စင်တာရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးကြူက တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားပြီး အခွန်ထမ်းလုပ်ငန်းရှင်များက မေးမြန်းမှုများအပေါ် ပဲခူးမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှူး ဦးတင့်ထူး(လက်ထောက်ညွှန်ကြားရေးမှူး) နှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။



အဆိုပါ အသိပညာပေးရှင်းလင်းပွဲသို့ အခွန်ထမ်းလုပ်ငန်းရှင် စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ရာ မြို့နယ် ပြည်တွင်းအခွန်ဦးစီးဌာနမှ ဝန်ထမ်းက အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ပန်းဘဲတန်းမြို့နယ် မင်းမဟာဒေသထွက်ကုန်နှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် မင်းမဟာဒေသထွက်ကုန်နှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း လီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၁၇ တွင် ပန်းဘဲတန်းမြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အသင်းဥက္ကဋ္ဌ ဦးဘုန်းမြင့်လှိုင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အသင်းများဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ရှင်းလင်းပြောကြားသည်။



ယင်းနောက် အသင်း၏ အမှုဆောင် ဒါရိုက်တာအဖွဲ့ဝင် ဒေါ်စောမဉ္ဇူက ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ အသင်းစာရင်းစစ် အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာနှစ် ရှင်းတမ်းများကို ဖတ်ကြားတင်သွင်းပြီး အသင်းသူ ဒေါ်မေသူသူဝင်းက ထောက်ခံအဆိုပြု၍ အသင်းသားများက သဘောတူ အတည်ပြုကြသည်။ ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဘုန်းမြင့်လှိုင်က အသင်းသားများအား ရင်းနှီးအစုပေါ် အကျိုးဝေစုများ ခွဲဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အခြေခံပညာကျောင်းများ၊ ပြည်သူ့ဆေးရုံများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် သတ်မှတ်နေရာများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၉**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



**ခုတ်ထွင်ရှင်းလင်း**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ၁၃ မြို့နယ်၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ အေးသာယာပြည်သူ့ဆေးရုံ၊ အောင်ပန်းမြို့ရှိ ပြည်သာယာဈေးနှင့် ကလောမြို့ရှိ မြို့မပရိယတ္တိစာသင်တိုက်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီရပ်ကွက်ရှိ ဝေဘာဂီကူးစက်ဆေးရုံ၌လည်းကောင်း နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ Teqball အဖွဲ့ချုပ်၏ Teqball Technical Workshop 2025 သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၉**

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်၍ အောင်မြင်မှုများရရှိနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် မြန်မာနိုင်ငံ Teqball အဖွဲ့ချုပ်၏ နည်းပြ/နည်းစနစ်ဒိုင် အလုပ်ရုံဆွေးနွေးပွဲ (Teqball Technical Workshop 2025) သင်တန်းဆင်းပွဲကို ဇူလိုင် ၁၆ ရက် ညနေပိုင်းတွင် တာမွေမြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျိုက္ကဆံကွင်းရှိ ရုံးဟောင်းခန်းမ၌ ကျင်းပသည်။



ဦးစွာ မြန်မာနိုင်ငံ Teqball အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမိုးကျော်က အမှာစကားပြောကြားပြီး သင်တန်းနည်းပြ/နည်းစနစ် ဆရာ Mr.Chavalit Jirayukul က နှုတ်ဆက်စကား ပြောကြားကာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက ဂုဏ်ပြုစကား ပြောကြားသည်။

ထို့နောက် သင်တန်းသားသင်တန်းသူများအား အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ နည်းပြ/နည်းစနစ်ဒိုင်သင်တန်း ဆင်းသူများသည် Teqball အားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပြီး မျိုးဆက်သစ် လူငယ်အားကစားသမားများကိုလည်း ရှာဖွေဖော်ထုတ်သွားမည် ဖြစ်ကြောင်း သိရသည်။

**ကိုထက်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၇-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၆၅ | ၃၀၇၅ | ၃၀၄၅ | ၂၉၇၅ | ၃၀၈၅ | ၃၁၀၀ | ၃၁၁၅ | ၃၀၃၅ | ၄၅၀၅ | ၃၃၂၅ | ၃၀၅၀ | ၃၀၅၅ | ၃၁၂၀ | ၃၀၈၅ | ၃၁၁၀ | ၃၃၆၅ |
| 95 Ron | ၃၀၂၀ | ၃၁၃၅ | ၃၁၀၀ | ၃၀၃၅ | ၃၁၄၀ | ၃၁၅၅ | ၃၁၇၀ | ၃၀၉၀ | ၄၅၆၀ | ၃၃၈၅ | ၃၁၀၅ | ၃၁၁၀ | ၃၁၈၀ | ၃၁၄၅ | ၃၁၆၅ | ၃၄၂၅ |
| HSD (500 ppm) | ၂၆၈၅ | ၂၈၀၀ | ၂၇၆၅ | ၂၇၀၀ | ၂၈၀၅ | ၂၈၂၀ | ၂၈၄၀ | ၂၇၆၀ | - | ၃၀၅၀ | ၂၇၇၅ | ၂၇၇၅ | ၂၈၄၅ | ၂၈၁၀ | ၂၈၃၅ | ၃၀၉၀ |
| HSD (50 ppm) | ၃၃၃၀ | ၃၄၄၅ | ၃၄၁၀ | ၃၃၄၅ | ၃၄၅၀ | ၃၄၆၅ | ၃၄၈၅ | ၃၄၀၀ | ၄၈၃၀ | ၃၆၉၅ | ၃၄၂၀ | ၃၄၂၀ | ၃၄၉၀ | ၃၄၅၅ | ၃၄၈၀ | ၃၇၃၅ |
| HSD (10 ppm) | ၃၃၃၀ | ၃၄၄၅ | ၃၄၁၀ | ၃၃၄၅ | ၃၄၅၀ | ၃၄၆၅ | ၃၄၈၅ | ၃၄၀၀ | - | ၃၆၉၅ | ၃၄၂၀ | ၃၄၂၀ | ၃၄၉၀ | ၃၄၅၅ | ၃၄၈၀ | ၃၇၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၅ | ၂၈၈၄ |
| 95 Ron | ၂၈၄၉ | ၂၉၄၀ |
| HSD (500 ppm) | ၂၅၂၇ | ၂၆၀၇ |
| HSD (50 ppm) | ၃၁၅၂ | ၃၂၄၄ |
| HSD (10 ppm) | ၃၁၅၂ | ၃၂၄၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



# သာပေါင်းမြို့နယ်၌ ငဝန်မြစ်အတွင်း ငါးသားပေါက် ၁၅၀၀၀၀ စိုက်ထည့်

**သာပေါင်း ဇူလိုင် ၁၉**

ဧရာဝတီ တိုင်းဒေသကြီး သာပေါင်းမြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနသည် ဇူလိုင် ၁၈ ရက် နံနက် ၇ နာရီတွင် အမှတ်(၂) ရပ်ကွက် ကန္နားလမ်း လွတ်လပ်ရေးပန်းခြံဘေး သဘာဝရေပြင် ငဝန်မြစ်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးသည်။

**ငါးမျိုးစိုက်ထည့်**

အခမ်းအနားတွင် ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသိမ်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များက နှစ်လက်မအရွယ် ငါးမြစ်ချင်း ၇၅၀၀၀၊ ထိုင်းငါးခုံးမကြီး ၇၅၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ ငါးမျိုး စိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များခွင့်ပြုထုတ်ပေးခြင်းအခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက်ပိုင်းတွင် တောင်ငူ ပင်မဓာတ်အားခွဲရုံအစည်းအဝေးခန်းမ၌ ကျင်းပစဉ်။

ခင်ခင်မာ(ပြန်/ဆက်)

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ဂျပန်ဝန်ကြီးချုပ် အီရှီဘာနှင့် အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့ဘတ်စ်ဆန့်တို့ တွေ့ဆုံ



တိုကျို ဇူလိုင် ၁၉

ဂျပန်ဝန်ကြီးချုပ် အီရှီဘာက မြို့တော်တိုကျို၌ အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့ဘတ်စ်ဆန့်နှင့် ယမန်နေ့က တွေ့ဆုံခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံစလုံးအတွက် အကျိုးရှိစေမည့် အခွန်အကောက်ဆိုင်ရာ သဘောတူညီချက်ရရှိစေရန် ညှိနှိုင်းမှုများကို ဆက်လက်ပြုလုပ်ရန်လိုအပ်ကြောင်း အီရှီဘာက ပြောကြားသည်။

အစည်းအဝေးသို့ ဂျပန်စီးပွားရေးပြန်လည်ထူထောင်ရေးဝန်ကြီး အာကာဇာဝါရိုင်ဆီလည်း တက်ရောက်ခဲ့သည်။ ၎င်းသည် အမေရိကန်၏ အခွန်အကောက်ဆိုင်ရာ ဂျပန်၏ ထိပ်တန်းညှိနှိုင်းရေးမှူးအဖြစ် ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့ဘတ်စ်ဆန့်က ဂျပန်နိုင်ငံအနောက်ပိုင်း အိုဆာကာမြို့တွင် ၂၀၂၅ ခုနှစ် ကမ္ဘာ့ကုန်စည်ပြပွဲသို့ တက်ရောက်ရန် ဂျပန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည်။

ဂျပန်ဝန်ကြီးချုပ် အီရှီဘာနှင့် စကော့ဘတ်စ်ဆန့်တို့က နှစ်နိုင်ငံ စီးပွားရေး၊ လုံခြုံရေးနှင့် အခြားနယ်ပယ်များတွင် ပိုမိုခိုင်မာသော ဆက်ဆံရေးအတွက် ဆွေးနွေးခဲ့သည်။

အမေရိကန်က ဩဂုတ် ၁ ရက်မှစတင်၍ ဂျပန်သွင်းကုန်များအပေါ် အခွန် ၂၅ ရာခိုင်နှုန်း စည်းကြပ်ရန် စီစဉ်ထားကြောင်း သိရသည်။

သို့သော် ဂျပန်အစိုးရက ဒေါ်နယ်ထရမ့်အစိုးရနှင့် အကောက်ခွန်ဆိုင်ရာ သဘောတူညီချက်တစ်ခုရရှိရန် မျှော်လင့်လျက်ရှိသည်။

အမေရိကန်က ဂျပန်နိုင်ငံနှင့် ကုန်သွယ်မှုလိုငွေပြမှုကို လျှော့ချပြီး ကြီးမားသော ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်နှင့် အမေရိကန်ကုန်ပစ္စည်းများ ပိုမိုတင်သွင်းရန် တိုကျို၏ အဆိုပြုချက်ကို လက်ရှိတွင် ပြန်လည်သုံးသပ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**



# ဗီယက်နမ်နိုင်ငံ၌ ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ထောက်လှမ်းရေးကင်မရာများ တပ်ဆင်အသုံးပြု

ဟနွိုင်း ဇူလိုင် ၁၉

ဗီယက်နမ်နိုင်ငံ မြို့တော်ဟနွိုင်းရှိ လမ်းမများပေါ်တွင် ယာဉ်စည်းကမ်း ချိုးဖောက်မှုများကို အလိုအလျောက်မှတ်တမ်းတင်နိုင်သည့် ဉာဏ်ရည်တုနည်းပညာသုံး ထောက်လှမ်းရေးကင်မရာများကို တပ်ဆင်အသုံးပြုနေကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနလက်အောက်ရှိ ယာဉ်ထိန်းရဲဌာနက ယနေ့ပြောကြားသည်။

အဆိုပါစနစ်သည် လမ်းမများပေါ်တွင် တာဝန်ထမ်းဆောင်သည့် ယာဉ်ထိန်းရဲများ၏ လိုအပ်မှုကို လျှော့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ဉာဏ်ရည်တု နည်းပညာသုံး ကင်မရာများသည် ယာဉ်စည်းကမ်းချိုးဖောက်ခဲ့သော တည်နေရာ၊ အချိန်နှင့် သီးခြားပြစ်မှုစသည့် အသေးစိတ်အချက်အလက်များအပါအဝင် ချိုးဖောက်မှုပုံရိပ်များနှင့် ဗီဒီယိုဖိုင်များကို အလိုအလျောက်မှတ်တမ်းတင်ပေးမည်ဖြစ်ကြောင်း ယာဉ်ထိန်းရဲဌာန၏လက်ထောက်ညွှန်ကြားရေးမှူး ဖမ်ကွမ်ဟောက ပြောကြားသည်။

လက်ရှိတွင် အဆိုပါကင်မရာများက မော်တော်ကားနှင့် ဆိုင်ကယ်များပါဝင်သည့် ယာဉ်စည်းကမ်းချိုးဖောက်မှု အမျိုးအစား ၂၀ ခန့်ကို မှတ်တမ်းတင်နိုင်ပြီး ၎င်းတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်အတွက် ကြိုးပမ်းနေကြောင်း ဖမ်ကွမ်ဟောက ဆက်လက်ပြောသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# အိုင်အက်စ်အဖွဲ့ဝင်ဟု သံသယရှိသူ ၁၅၃ ဦးကို တူကီယဲလုံခြုံရေးတပ်ဖွဲ့က ဖမ်းဆီး

အန်ကာရာ ဇူလိုင် ၁၉

လွန်ခဲ့သည့် နှစ်ပတ်အတွင်း တူကီယဲနိုင်ငံ၌ အကြမ်းဖက်မှု တန်ပြန်နှိမ်နင်းရေး စစ်ဆင်ရေးတစ်ခုတွင် အိုင်အက်စ်အဖွဲ့ဝင်ဟု သံသယရှိသူ ၁၅၃ ဦးကို တူကီယဲလုံခြုံရေးတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆင်ရေးကို အာဒါနာ၊ အန်တာလျာ၊ အစ္စတန်ဘူ၊ အစ်ဇ်မာနှင့် အခြားပြည်နယ် ၂၄ ခု၌ ပြုလုပ်ကာ အိုင်အက်စ် အဖွဲ့ဝင်များအား ပစ်မှတ်ထားရှာဖွေဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး အလီယာလီကာယာက ဆိုရှယ်မီဒီယာပလက်ဖောင်း အိတ်စ်တွင် ရေးသားခဲ့သည်။

အဆိုပါဖမ်းဆီးခံရသူများသည် အိုင်အက်စ်အဖွဲ့ဝင်များဖြစ်ကြောင်း သို့မဟုတ် အိုင်အက်စ်အဖွဲ့နှင့် ဆက်နွှယ်သည့် ပရဟိတလုပ်ငန်းများကို ငွေကြေးထောက်ပံ့သူများဖြစ်ကြောင်းနှင့် ၎င်းတို့၏ ဆိုရှယ်မီဒီယာအကောင့်များမှတစ်ဆင့် အကြမ်းဖက်ဝါဒဖြန့်မှုများ လုပ်ဆောင်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီး အလီယာလီကာယာက ဆက်လက်ပြောကြားသည်။

ယင်းကဲ့သို့သော အကြမ်းဖက်မှုနှိမ်နင်းရေးဆိုင်ရာ စစ်ဆင်ရေးများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့ပြီး စီးနင်းမှုမှတ်တမ်းများကိုလည်း မျှဝေခဲ့ကြောင်း သိရသည်။

တူကီယဲအစိုးရက အိုင်အက်စ်အဖွဲ့ကို အကြမ်းဖက်အဖွဲ့အဖြစ် ၂၀၁၃ ခုနှစ်တွင် သတ်မှတ်ခဲ့ပြီး နိုင်ငံအတွင်း လူအသေအပျောက်များသော တိုက်ခိုက်မှုများအတွက် ရှုတ်ချပြစ်တင်ဝေဖန်ခဲ့သည်။ ထိုအချိန်မှစ၍ အိုင်အက်စ်အဖွဲ့ဝင်များနှင့် လှုပ်ရှားမှုများကို နှိမ်နင်းရန်အတွက် ပြည်တွင်းရော ပြည်ပ၌ပါ အကြမ်းဖက်မှုနှိမ်နင်းရေးလုပ်ငန်းများကိုလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# အစ္စရေးအစိုးရက ကာကွယ်ရေးအသုံးစရိတ်ကို အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅ ဘီလီယံအထိ တိုးမြှင့်မည်

ဂျေရုဆလင် ဇူလိုင် ၁၉

အစ္စရေးအစိုးရက ၎င်း၏ကာကွယ်ရေးအသုံးစရိတ်ကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ၄၂ ဘီလီယံ ရှကယ် (အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅ ဘီလီယံ) အထိ တိုးမြှင့်သွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့က ယနေ့ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ကာကွယ်ရေးအသုံးစရိတ်သဘောတူညီချက်ကို နိုင်ငံတော်လုံခြုံရေးအတွက် အရေးပေါ်နှင့် မရှိမဖြစ်လိုအပ်သော ဝယ်ယူရေးဆိုင်ရာ သဘောတူညီချက်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအား တိုးမြှင့်သုံးစွဲခွင့်ပြုမည်ဖြစ်ကြောင်း ပြည်တွင်းမီဒီယာများက သတင်းဖော်ပြသည်။

ယခုသဘောတူညီသည့် ကာကွယ်ရေးအသုံးစရိတ်သည် နိုင်ငံ၏ တောင်ဘက်ပိုင်းနှင့် မြောက်ဘက်ပိုင်းအပါအဝင် ခြိမ်းခြောက်မှုအားလုံးအတွက် လုံခြုံရေးဆိုင်ရာ ပြင်ဆင်မှုများအပြင် ဂါဇာဒေသ၌ ပြင်းထန်သောတိုက်ပွဲများအတွက် ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ဘီဇာလေစမော့ရစ်ချ်က ပြောကြားသည်။

နှစ်စဉ် ကာကွယ်ရေးအသုံးစရိတ်မှာ ဘီလီယံ ၁၁၀ ရှကယ်ရှိပြီး ၂၀၂၅ ခုနှစ် ဘတ်ဂျက်စုစုပေါင်း ၇၅၆ ဘီလီယံ ရှကယ်၏ ၉ ရာခိုင်နှုန်းခန့်ဖြစ်ကြောင်း သိရသည်။ ဂါဇာတွင် ပြီးခဲ့သည့်နှစ် ပဋိပက္ခစတင်ကတည်းက မြေပြင်နှင့် လေကြောင်း ထိုးစစ်များစတင်ခဲ့ပြီးနောက် အစ္စရေး၏ စစ်ဘက်ဆိုင်ရာ ကုန်ကျစရိတ်များ မြင့်တက်ခဲ့သည်။

လက်ရှိအချိန်အထိ သေဆုံးသူ ၅၈၆၆၇ ဦးအထိရှိပြီး ၁၃၉၉၇၄ ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ဂါဇာရှိ ကျန်းမာရေးအာဏာပိုင်များက ယမန်နေ့တွင် ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့က ဂါဇာတွင် ထိုးစစ်များအဆက်မပြတ်ပြုလုပ်လျက်ရှိသည့်အပြင် အနောက်ဘက်ကမ်းနှင့် လက်ဘနွန်တို့တွင်လည်း ပုံမှန်တိုက်ခိုက်မှုများ ဆောင်ရွက်လျက်ရှိသည်။ မကြာသေးမီက ဆီးရီးယားတွင် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# တရုတ်နိုင်ငံက ဂျပန်ရေထွက်ကုန်များ တင်သွင်းရန် ခွင့်ပြု

တိုကျို ဇူလိုင် ၁၉

တူနာ၊ ခုံးကောင်နှင့် ကဏန်းများ အပါအဝင် ဂျပန်နိုင်ငံ၏ ရေထွက်ကုန် ၄၄၉ မျိုး တင်သွင်းရန် တရုတ်အကောက်ခွန် အာဏာပိုင်များက ခွင့်ပြုချက် ထုတ်ပေးခဲ့ကြောင်း သိရသည်။

တရုတ်အစိုးရက ဂျပန်နိုင်ငံရေထွက်ကုန်များကို တင်သွင်းရန် ခွင့်ပြုခဲ့သော်လည်း ဖူကူရှီးမား၊ မီယာဂီနှင့် တိုကျို စသည့် စီရင်စု ၁၀ ခု၏ ရေထွက်ကုန် များကို တင်သွင်းခွင့်မပြုသေးကြောင်း တရုတ်အကောက်ခွန် အထွေထွေ အုပ်ချုပ်ရေးက ကြေညာခဲ့သည်။

ဟောင်ကိုင်းဒိုးနှင့် အအိုမိုရီစီရင်စုများတွင် အခြေစိုက်သော ဂျပန်စီးပွားရေးလုပ်ငန်းသုံးခုအတွက် လုပ်ငန်းစဉ်များ ပြန်လည်မှတ်ပုံတင်ခြင်းကို တရုတ်အာဏာပိုင်များက ပြီးခဲ့သည့်သီတင်းပတ်တွင် အတည်ပြုခဲ့သည်။

ခွင့်ပြုချက် ရရှိထားသော ပို့ကုန်လုပ်ငန်းရှင်များသည် ရေဒီယိုသတ္တိကြွပစ္စည်းများကင်းစင်မှုနှင့် ထုတ်လုပ်သည့်နေရာများနှင့် ပတ်သက်သော ဂျပန်အစိုးရက ထုတ်ပေးသည့် ထောက်ခံချက်များ လိုအပ်မည်ဖြစ်သည်။

ဖူကူရှီးမားဒိုင်အီချီ နျူကလီးယား ဓာတ်အားပေးစက်ရုံမှ သန့်စင်ထားသော ရေများကို သမုဒ္ဒရာအတွင်းသို့ ထုတ်လွှတ်ပြီးနောက် ဂျပန်ပင်လယ်စာ တင်သွင်းမှုကို လွန်ခဲ့သည့်နှစ်နှစ်ခန့်မှစပြီး တရုတ်အစိုးရက ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**



❍ ကျောဖုံးမှ

သုံးဂိုးစီသရေကျနေသဖြင့် ပင်နယ်တီဖြင့် ဆုံးဖြတ်ရာ JZ Yangon အသင်းက နှစ်ဂိုး-တစ်ဂိုး စုစုပေါင်း ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိသည်။ ကွာတားဖိုင်နယ်တွင် JZ Yangon အသင်းနှင့် TG United အသင်း၊ M2K အသင်းနှင့် MIU အသင်းတို့ တွေ့ဆုံနေသည်။

ရှုံးထွက် ဒုတိယနေ့ကို ဇူလိုင် ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YRG အသင်းနှင့် 7 Brother အသင်း၊ Gold Dream အသင်းနှင့် VUC အသင်း၊ YCDC MHDT အသင်းနှင့် ပြည့်စုံအသင်း၊ Winner Generations အသင်းနှင့် G-UPT အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

❂ AFC မှ

ယှဉ်ပြိုင်ရမည့် အရှေ့အာရှဇုန်တွင် ရှမ်းယူနိုက်တက်(မြန်မာ)၊ PKR Svay Rieng (ကမ္ဘောဒီးယား)၊ ဒီဝါယူနိုက်တက်(အင်ဒိုနီးရှား) နှင့် AFC Champions League Two ခြေစစ်ပွဲ ဖိုလစ်ပိုင်ကလပ်မနီလာအသင်းနှင့်အင်ဒိုနီးရှား ကလပ်ပါဆစ်ပွဲမှ အရေးနိမ့်သည့်အသင်းတို့မှ အုပ်စုအဆင့်မှ တိုက်ရိုက်ကစားခွင့်ရမည်ဖြစ်ပြီး ခြေစစ်ပွဲအဆင့်တွင် ရှစ်သင်းယှဉ်ပြိုင်ကာ အနိုင်ရသည့် လေးသင်းမှာ ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သည်။ ခြေစစ်ပွဲအဖြစ် ရန်ကုန်ယူနိုက်တက်(မြန်မာ)နှင့် Ezra (လာအို)၊ ကာဆူကာ(ဘရူနိုင်း)နှင့် ဖနွမ်းပင်ခရောင်း (ကမ္ဘောဒီးယား)၊ တိုင်နန်စီးတီး(တရုတ်တိုင်ပေ)နှင့် မွန်ဂိုလီးယားဖလားပြိုင်ပွဲ ချန်ပီယံအသင်း၊ SP Falcons (မွန်ဂိုလီးယား) နှင့် Taichung Futuro (တရုတ်တိုင်ပေ) အသင်းတို့ ဩဂုတ် ၁၂ ရက်တွင် တစ်ကျော့တည်း ကစားရမည်ဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ယခင်က ခြေစစ်ပွဲကို အဝေးကွင်းကစားရမည်ဖြစ်သော်လည်း လာအိုကလပ်အသင်းအနေဖြင့် အိမ်ကွင်းလက်ခံ ကစားနိုင်ခြင်းမရှိသောကြောင့် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ပြုလုပ်မည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ယခင် ကျင်းပဖူးသည့် AFC President's Cup ပြိုင်ပွဲကို အမည်ပြောင်းလဲကာ ပြီးခဲ့သည့်ရာသီတွင် ပြန်လည်ကျင်းပခြင်းဖြစ်ပြီး မြန်မာကလပ်များအနေဖြင့် ယင်းပြိုင်ပွဲတွင်သာ ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းမှာလည်း နှစ်အနည်းငယ်ကြာမှ နိုင်ငံတကာပြိုင်ပွဲ ပြန်လည်ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ယခုရာသီ ပြည်တွင်းဖလားပြိုင်ပွဲဖြစ်သော MNL League Cup ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိထားသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်သော်**


**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၉(အီး-၁၁)၊ မြေကွက်အမှတ် (၉၀)၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)၊ ဦးခင်စိုး အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

